
တက္ကသိုလ်

# သိဟအောင်

ဓားပြိုင်ပွဲ

ပ+ဒု
နှစ်အုပ်တွဲ



| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၇၈၁ / ၂၀၀၀ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၇၅၆ / ၂၀၀၀ (၁၁) |
| ထုတ်ဝေကာလ | ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၄၀၀ |
| တန်ဖိုး | ၁၀၀ ကျပ် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် |
| | ရွှေတေးသံစာပေ |
| | ရွှေနံ့သာရပ်ကွက်၊ မှုလဲမြို့(၃)၊ |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးလှသိန်း |
| | လှသိန်းဦး-ပုံနှိပ်တိုက်၊ |
| | ၁၂/ဒါနလမ်း၊ သာယာကုန်း၊ |
| | မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း၊ (မြဲ ၀၂၄၃၁) |
| | နေလရောင် အော့ဖ်ဆက် |
| | ၉၆/၈၊ ၁၁-လမ်း၊ |
| | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

# တက္ကသိုလ်သိဟာအောင်

## စားပြိုင်ပွဲ

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြော
တောင်ဒဂုံမြို့
(ပ+ဒ ဓာတ်သိမ်း) ဖုန်း ၂၁၀၄၄

၂-အုပ်တွဲ သိုင်းစာစဉ်

လွင်ဒါဒေဝ
အမှတ် ၁၅/ ၁၃၈၊ မြေဝမ်း
တောင်ဒဂုံမြို့
ဖုန်း ၂၁၄၅၅

## တက္ကသိုလ် သီဟအောင်

---

# ဓားပြိုင်ပွဲ

(ပထမ ပိုင်း)

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေလမ်း
ဧထာဝင်ရှငြိုး
ဖုန်း ၂၁၄၅၅

# အမှောင်လူသား

၁

ကောင်းကင်၌ လခြမ်းပဲ့လေးသာရှိသည်...

ထို့ကြောင့်

ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေသည်ဆိုနိုင်၏။

ည၏ နက်ရှိုင်းသည့် အမှောင်ထုကို လခြမ်း၏ အလင်းရောင်က ထိုးဖောက်ခြင်းငှာ မစွမ်းသာအောင် ဖြစ်နေ၏။

မည်သို့ဆိုစေ

လခြမ်း၏ အလင်းရောင်ရှိနေခြင်းကြောင့် အမှောင်ထုက ဝန်းကျင်တစ်ခုလုံးကို သိမ်းပိုက် အုပ်စိုးထားသည်ဟု မဆိုနိုင်ပါပေ။

ဝိုးတဝါးလရောင်အောက်တွင်—

လေပြေလေညင်းတို့ တသုန်သုန် တိုက်ခတ်၍နေသည်—

လေတိုက်မှုကြောင့် ပင်လယ်ပြင်၌ လှိုင်းကြက်ခွပ်တို့ လှုပ်ရှားထကြွနေသည်....

ပင်လယ် ရေပြင်မှာ လရောင်ဖြင့် ငွေရောင် တဖိတ်ဖိတ် တောက်နေ၏။

ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိသည့် ဖြူလွှလွှသဲသောင်ပြင်မှာ ကျယ်ပြန့်စွာရှိနေပါသည်....

ပင်လယ်ပြင်

ထိစပ်နေသည့်သဲသောင်ပြင်....

ထိုနောက်..

စိမ်းလွှမ်းသည့်တောအုပ်များ တောင်တန်းများ—



ဤနေရာသည် တရုတ်ပြည်၏တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်လေသည်....

ပင်လယ်ကမ်းခြေတလျှောက် ဝိုးတဝါးလရောင်အောက် မှာပင် သာယာလှပနေသည်....

ဆေးရေးမမီသည့် သဘာဝပန်းချီကားတစ်ချပ်ပမာရှိ၏။

ရုတ်တရက်

ပင်လယ်ပြင်၌ လှိုင်းတံပိုးတို့ထကြွလာလေသည်။

လှိုင်းဖြူဖြူတို့သည် တဝုန်းဝုန်းဖြင့် သဲသောင်ပြင်ဆီသို့ ရိုက်လာ၏။

ငြိမ်နေသည့်ပင်လယ်ပြင်၌ ရုတ်တရက် လှိုင်းတို့ထကြွလာခြင်းမှာ အဘယ်ကြောင့်ပါနည်း....

သေချာစွာသတိပြုကြည့်မည်ဆိုလျှင်ထူးဆန်းဖွယ်ကောင်းသည့် မြင်ကွင်းတစ်ခုကို တွေ့မြင်ရမည်ဖြစ်လေသည်။

ပင်လယ်၌ လှိုင်းတို့ထလာရခြင်းမှာ ရေအောက်မှနေ၍ လူတစ်စုံအရုတ်ခြည်းပေါ်လာခြင်းကြောင့်ဖြစ်သည်။

ထိုလူစုံမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ဘွားခနဲ ပေါ်လာခြင်းဖြစ်ရာ ငြိမ်သက်နေသည့်ပင်လယ်မှာ ရုတ်တရက်လှုပ်ရှား၍ လှိုင်းတံပိုး ထကြွလာရခြင်းဖြစ်ပါသည်...

ရေအောက်မှထွက်လာသည့်လူစုံမှာ ငါးတို့ပမာသဲသောင်ပြင်ဆီ ကျွင်လည်စွာ ကူးခတ်ကြပြီး တခဏအတွင်း ရောက်ရှိလာ၏။

ထိုလူစုံသည် သဲသောင်ပြင်သို့ ရောက်ရှိသွားသည့်အခါ အဖြူအမည်း ထင်ရှားစွာပေါ်လာသည်...

ဖြူလွလွ သဲပြင်ဆီသို့ ရေမျှော်ငါးတို့ပမာ ရုတ်တရက် ရောက်လာသူတို့မှာ အနက်ရောင် ဝတ်ဆင်သူတို့ ဖြစ်လေ၏။

ထိုလူတို့မှာ ရေနှင့် အနေနီးသူတို့ ဖြစ်ကြောင်း ကြေးနီရောင်သန်းနေသည့် သူတို့၏အသားအရေက ဖော်ပြနေ၏။

ထိုလူတို့မှာ အနက်ရောင် ဆင်တူ ဝတ်ထားကြသလို ဓါးကိုယ်စီ ကျောပိုးထားကြသည်...

ခေါင်းဆောင်ဖြစ်ဟန် တူသူက သဲပြင်ဆီသို့ အရင်ဆုံးတက်လာ၍ သဲပြင်၌ ဒူးထောက်ချ၍ ခန္ဓာကိုယ်ကို ရှေ့သို့ ငိုက်ထား၏။



သဲပြင်၌ စပ်လိုက်မည့်ပုံစံမျိုး ဖြစ်သော်လည်း တကယ်ဆို ထိုသို့မဟုတ်။

မျက်နှာတစ်ပိုင်းကို အာတိနက်ဖြင့်ချည်ထားသဖြင့် မည်သူမည်ဝါမှန်း ရုတ်တရက် သိနိုင်မည်မဟုတ်ပါပေ။

ထိုလူသည် စူးရဲသည့် မျက်လုံးတို့ဖြင့် ဝန်းကျင်ကိုကျီးအန်းတောင်မှောက် ကြည့်လိုက်သည်...

အခြားသော အနက်ရောင် ဝတ်ထားသူတို့သည် တစ်ဦးပြီးတစ်ဦး သောင်ပြင်ပေါ်သို့ ရောက်လာကြသည်။

ခေါင်းဆောင်လုပ်သူ၏ ဝဲယာတစ်ဖက်တစ်ချက်၌စီတန်း၍ရပ်၏။

သောင်ပြင်၌ အနက်ရောင်ပုရွက်ဆိတ်တို့ စီတန်း၍ရပ်နေသကဲ့သို့ရှိနေပါတော့သည်...

သူတို့၏ လှုပ်ရှားမှုသည် ဗိုဒိုသော်ကာပ်၏၊ လျင်မြန်၏၊ အသံကျယ်စွာထွက်လာမှုမျိုး လုံးဝမရှိပါ...

ပင်လယ်ပြင်အောက်မှဘွားခနဲ ထွက်လာကြသည်၊

အမ်းစပ်သို့ တိတ်ဆိတ်စွာကူးလာကြသည် –

သောင်ပြင်ဆီ စီတန်း၍ ရောက်ရှိလာကြသည်...

သူတို့၏ လှုပ်ရှားပုံသည် စည်းစနစ်ရှိပြီး တိကျလှသည်။ ကြိုတင်စီစဉ်လေ့ကျင့်ထားသည့်ပုံစံမျိုးဖြစ်သည်။

ခေါင်းဆောင်ဖြစ်သူသည် သောင်ပြင် တစ်ဖက်ရှိ စိမ်းလန်းသည့် တောအုပ်ဆီသို့ အကဲခတ်၍ကြည့်သည်။

ထို့နောက် လက်တစ်ဖက်ယမ်း၍ပြလိုက်သည်...

အားလုံးသည် ဒူးတစ်ဖက်ထောက်၍ ခန္ဓာကိုယ် ဝပ်၍မည့် အနေအထားရှိရာမှ ရုတ်တရက်ရှေ့သို့ပြေးသွားကြ၏။

ထိုလူစုသည် သောင်ပြင်ကိုမျက်စိတမှိတ်လျှပ်တပြက်တွင် ကျော်ဖြတ်၍ တောအုပ်ထဲသို့ ရောက်ရှိသွားသည်။

ထို စိမ်းလန်းသည့် တောအုပ်ထဲသို့ ဝင်သွားပြီး မရေမနှောင်းပင် ရိပ်ခနဲ ရိပ်ခနဲ ပျောက်သွားကြသည်။

Z X Z

ယုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဖြေသာ
တောင်ငူမြို့
ဖုန်း ၂၀၃၅၅

## မိုးကြိုးဂိုဏ်း

---

မိုးကြိုးဂိုဏ်းသည် သိုင်းလောကအတွင်း လျှမ်းလျှမ်းတောက် ကျော်ကြားသည့် ရှောင်လင်၊ ဝူတန်၊ ဝူတိ၊ ငိုမိ၊ ဝါဆင်း ခုံတုန်စသည့် ဂိုဏ်းကြီးများကဲ့သို့ထင်ရှားပြီး ပခုံးချင်းယှဉ် နိုင်သည့် အဖွဲ့တစ်ခုဖြစ်လာသည်...

မိုးကြိုးဂိုဏ်းသည် အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်၍ မကောင်းလူပယ် ကောင်းလူအယ်၏။

အခြားအဖွဲ့တို့ကဲ့သို့ စည်းကမ်းရှိ၍ သိုင်းပညာ ပြန့်ပွားရန်နှင့် တိုင်းပြည်အကျိုးပြု သိုင်းသမားတို့ ထွက်ပေါ်လာရန် သိုင်းပညာဝါသနာပါ၍ အကျင့်စာရိတ္တ ကောင်းသည့် လူငယ်တို့ကို လက်ခံ၍ သိုင်းပညာသင်ပေးသည်...

မိုးကြိုးတောင်၊ မိုးကြိုးအဖွဲ့၌သာမကဘဲ တစ်ပြည်လုံး နေရာအနှံ့၌ မိုးကြိုးဂိုဏ်း ဌာနခွဲတို့ ဖွင့်၍ သိုင်းလောက အကျိုးကို ဆောင်ရွက်လျက်ရှိသည်…

တစ်ပြည်လုံး၌ မိုးကြိုးအဖွဲ့ခွဲ ၂၀ ကျော်ရှိသည်။

မိုးကြိုးအဖွဲ့သည် ဓား၊ လှံ၊ ကြိုး၊ လက်နက်မဲ့၊ အတွင်းအားစသည့် သိုင်းပညာရပ်၌ ကျွမ်းကျင်ပြီး မိုးကြိုးပညာသည် ပြိုင်ဘက်ကင်း အထွတ်အထိပ်ပညာရပ်တစ်ခုဖြစ်သည်။

မိုးကြိုးဓားပညာ၏ ထက်မြက်မှုသည် သိုင်းလောကနှံ့ ကျော်ဇောထင်ရှားသည်…

ထို့ကြောင့်

မိုးကြိုးအဖွဲ့ကြီး၌၎င်း၊ အဖွဲ့ခွဲတို့၌၎င်း၊ လာ၍ တာဝန်ထမ်းဆောင်၍ ပညာသင်ကြသည့် လူငယ်တို့သည် မိုးကြိုးဓားပညာကို သင်ယူရန် အထူးသဖြင့် စိတ်ဝင်စားကြသည်။

မိုးကြိုးဂိုဏ်းချုပ်သည်လည်း မိုးကြိုးဓားပညာ ပြန့်ပွားစေလိုသည့်စိတ်ထားရှိရကား၊ မိုးကြိုး၏ဓား သိုင်းကျမ်းကို ဆင့်



ပွားကူးယူ၍ ဂိုဏ်းခွဲတစ်ခုလျှင် သိုင်းကျမ်း တစ်ခုစီ ပေးထားလေ၏။

ထို ကျော်ကြားလှသည့် မိုးကြိုးဓားပညာကို အမှန်ပင် စေတနာထား၍ ပြန့်ပွားအောင် ကြံဆောင်မှုကြောင့် သိုင်းလောကတစ်ခုလုံးက မိုးကြိုးဂိုဏ်းချုပ်ကို ချီးကျူးကြ၏။

သို့သော်

တန်ဖိုးကြီးသည့် မိုးကြိုးဓားသိုင်းကို ကူးယူ၍ ဂိုဏ်းခွဲတို့ကို ဖြန့်ဝေမှုကိုမူ ဝေဖန်ပြောဆိုကြလေသည်…

အချို့သောအဖွဲ့ခွဲတို့သည် စည်ပင်လည်မြို့တို့၌ ဖွင့်လှစ်၍ အဖွဲ့ဝင်အင်အားများစွာရှိသည်…

အချို့သောအဖွဲ့တို့မှာ ဝေးလံသည့်အရပ်၌ရှိသလို အဖွဲ့ဝင် အနည်းငယ်မျှသာရှိသည်…

မသမာသူတို့က မိုးကြိုးကျမ်းကိုရရှိခဲ့ပါက သိုင်းလောကအတွက် စိတ်မချနိုင်စရာဖြစ်သည်…

အဖွဲ့ဝင်နည်း၍ ဝေးလံသည့် အရပ်မှ အဖွဲ့ခွဲတို့ကို ဝင်၍ တိုက်ခိုက်ကာ မိုးကြိုးကျမ်း လုယက်ခံရနိုင်သည်ဟုပြော၏။

မိုးကြိုးဂိုဏ်းချုပ်ထမှူး အများအကျိုး ဆောင်ရွက်နေမှုကြောင့် သူတို့အဖွဲ့တွင် ရန်သူမရှိကြောင်း၊ အဖွဲ့ခွဲတို့ကို တာဝန်ယူကြသည့်ခေါင်းဆောင်တို့သည် ပညာခွမြည့်ဝသူတို့ ဖြစ်ကြောင်း....

အကယ်၍ ရန်သူနှင့်ရင်ဆိုင်ရပါက လွယ်ကူစွာ တာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်သည့်အပြင် အခြားသော အဖွဲ့ခွဲတို့မှ ချက်ချင်းလာ၍ အကူအညီပေးရန် ရန်သူကို နှင်ထုတ်နိုင်ကြောင်းခုခံချေပခဲ့သည်။

မည်သို့ဆိုစေ

မိုးကြိုးအဖွဲ့သည် နာမည်ကျော်ကြားပြီး မိုးကြိုး အဖွဲ့ဝင်တို့ဆိုလျှင်မျက်နှာပွင့်ကြသည်...

လာရောက်ထိ နှောင့်ယှက်မည့်သူ တစ်ယောက်တလေမျှမရှိပါ။

မိုးကြိုးအဖွဲ့သည် သိုင်းလောက၌ အောင်ထလွှင့်လျက်ခိုင်ခံ့ထည်စွာရှိနေပါတော့သည်-

Z Z Z



လပြည့်ည-

ကောင်းကင်၌ လမင်းထိန်ထိန်သာနေသည်....

ခိုင်းစက်ကြည်လင်သည့် လမင်းသည် ကြယ်တို့ခြံရံ၍ ညဏ် ကျက်သရေဆောင်လျက်ရှိပေသည်-

လရောင်အောက်၌ ဝန်းကျင်တစ်ခုလုံးသာယာလှပနေ၏။

စိမ်းလန်းသည့်တောအုပ်....

မှို၊ညို့ညို့တောင်...

လှန်စွာမဝေးသည့်အရပ်၌ ငြိမ်သက်နေသည့် ပင်လယ်ရေပြင်လဲရှိနေပါသည်—

စိမ်းစိုသောသစ်ပင်တို့ကြား၌ အဆောက်အဦတို့၏ ခေါင်မိုးတို့ကိုလရောင်ဖြင့်တွေ့မြင်ရမည်ဖြစ်သည်—

ခန့်ထည်သည့်အဆောက်အဦများ....

ထို အဆောက်အဦတို့သည် အဖက်ဖက်မှ အုတ်တံတိုင်းကာရံထားသည့်အတွင်းဘက်၌ရှိနေသည်....

အဆောင်၊ အခန်းတို့ဖြင့် ထည်ဝါလှသည့် အဆောက်အဦသည် တောင်ဘက်ဒေသ၏အထင်ကရနေရာတစ်ခုဖြစ်၏။

အရှေ့ဘက်တွင် ဝင်ပေါက်တံခါးမကြီးရှိသည်။

တံခါးမအပေါ်၌—

'မိုးကြိုး ငှာနခွဲ အမှတ် ၅—

ဟုရေးထားသည့်ဆိုင်းဘုတ်က ခန့်ခန့်ထည်ထည်ရှိနေ၏၊

မိုးကြိုးအဖွဲ့မှ အမှတ် ၅ ဌာနခွဲသည် ကြည်လင်သည့် လရောင်အောက်၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်...

ညဉ့်နက်ပြီဖြစ်သည်...

အမှတ် ၅ ဌာနခွဲမှ တာဝန်ခံ ခေါင်းဆောင်နှင့်တကွ အဖွဲ့ဝင်တို့က အိပ်ပျော်နေလောက်ပြီထင်ရသည်...

တစ်နေ့တာ လှုပ်ရှားခဲ့ကြရသမျှ တစ်ညတာ အိပ်စက်၍ အနားယူကြသည်မှာ သူတို့၏အစဉ်အလာ ဖြစ်နေပါပြီ—

ရုတ်တရက်

'ဟူး'

လေးအေးတစ်ချက်ဝှေ့၍တိုက်ခတ်လာသည်—

ကောင်းကင်၌ တိမ်မဲအချို့လွင့်မျောလာသည်—



ထို တိမ်မဲတို့သည် လကိုဖုံးအုပ်လိုက်သည်...

ကြည်လင် သာယာနေသည့် ဝန်းကျင်မှာ ရုတ်တရက် အမှောင်အတိဖြစ်ရသည်...

လရောင်ပျောက်၍ အမှောင်ကျသည့် ခဏတာအချိန်မှာပင်

'ဟူး'

အာတ်လေကိုးသံတို့ထွက်လာသည်—

လူတစ်စုသာ အမှတ်၅ဌာနခွဲ၏အုတ်တံတိုင်းကို ရိပ်ခနဲရိပ်ခနဲ ခုန်ကျော်၍ဝင်လာကြသည်...

အမှတ် ၅ ဌာနကို ကျူးကျော်သူတို့ရောက်လာပြီဖြစ်၏။

ညအချိန်မတော် တိတ်တဆိတ် ဝင်လာသူတို့မှာ မည်သူတို့ဖြစ်သနည်း။

လူကောင်းမဟုတ်သည်ကတော့သေချာပါသည်။

လေက ဆက်၍တိုက်ခတ်နေသည်...

တိမ်ညိုတို့က လေနှင့်အတူ ဆက်၍ လွင့်မျောနေသည်။

မကြာမီ

လသည် တိမ်ညိုတို့၏ဖုံးကွယ်မှုမှလွတ်မြောက်ခဲ့လေသည်။

ထိုအချိန်

တိတ်တဆိတ်ဝင်လာကြသူတို့က အုတ်တံတိုင်းကိုကျော်၍ အမှတ် ၅ ဌာနထဲသို့ ရောက်ရှိလာကြပြီဖြစ်သည်....

သူတို့သည် အမှတ် ၅ ဌာန၏ အဆောက်အဦတို့ ကြား၊မှ အမှောင်ရိပ်ထဲမှ တိတ်တဆိတ်ပုန်း၍ နေရာယူလိုက်ပြီဖြစ်သည်။

ထိုလူစုက အနက်ရောင် အဝတ်တို့ ဝတ်ထားကြသည်....

မျက်နှာတစ်ဝက်ကို ပဝါနက်ဖြင့်ချည်နှောင်ထားသည်။

သူတို့၏ကျော၌ ဓားကိုယ်စီလွယ်၍ ထိုးထိုးထောင်ထောင် ရှိနေ၏။

ထိုလူစုသည် ပင်ဆယ်အောက်မှ ထွက်လာသည့် လူစုပင် ဖြစ်၏။

သူတို့သည်မိုးကြိုးအဖွဲ့၏ အမှတ်၅ဌာနထဲသို့တိတ်တဆိတ် ဝင်လာသည်မှာ အဘယ်ကြောင့်ပါနည်း။...



ဆက်ကယ်၍

အမှောင်ထဲ၌ မြင်နိုင်စရာဆိုပါက ထိုလူတို့ ဝတ်သည့် အနက်ရောင် အဝတ်တို့ပေါ်၌ ခရေပန်းပုံစံကို ပိုးချည်ဖြင့် ရေးထိုးထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်....

အနက်ရောင်အဝတ်နှင့် မျက်နှာ ချည်နှောင်ထားပုံမှာ—

လေးလံသည့်ဓားနှင့်ခရေပန်းအမှတ်တံဆိပ်..

ထိုလူစုသည် တောင်ပင်လယ်ရှိ ခရေကျွန်းမှ လာကြသူတို့ ဖြစ်သည်ကို ဖော်ပြနေပါတော့သည်—

× × ×

တောင်ပင်လှယ် ခရေကျွန်း—

ခရေကျွန်းသည် ထိုင်းလောက၌ အောင်မြင်ကျော်ကြားနေသည့် နေရာတစ်ခုဖြစ်သည်—

ခရေကျွန်းဆိုလျှင် လူတိုင်းသိကြသည်—

ထိုသို့ လူသိများနေလှေအောင်၊ မြင်းဇောင်းမကျန် သိနေရခြင်းမှာ

ခရေကျွန်းသည် ထိုင်းလောကကို လွှမ်းမိုး ချုပ်ကိုင်ရန် ကြိုးစားဖူးသည့် အစဉ်အလာ ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

ယခု ခရေကျွန်းမှ လူတို့က မိုးကြိုးဝိုင်း၊ အမှတ်၅ ဌာနသို့ ရောက်ရှိလာသည်မှာ အဘယ်ကြောင့်ပါနည်း။

၀ ၀ ၉



အနက်ရောင် ဝတ်ဆင်ထားကြသူများသည် အမှတ်ငါး ဌာနခွဲသို့ ကျူးကျော်ဝင်ရောက်လာကြပြီး အခမ္ဘာဝင်ရိပ်ခိုကာ အခြေအနေစောင့်ကြည့်နေကြ၏။

ထိုလူများသည် အမှတ်ငါး ဌာနခွဲ၏ အခြေအနေကို ကောင်းစွာသိရှိထားကြပုံရလေသည်။

အဆောက်အဦတည်ဆောက်ပုံအနေအထား။

ညဘက် အစောင့်အကြပ်များ၊စောင့်ကြပ်ပုံ၊ ဆင်းလှဲညှိပုံ အနေအထား၊ ဝင်လှမ်း ထွက်လမ်း။

စသည့် ထိုင်းဌာနခွဲတစ်ခု၏ ပုံမှန်လှုပ်ရှားမှုအနေအထားကို သိရှိထားခြင်းဖြစ်လေသည်။

အမှတ်ငါးဌာနခွဲမှာ တိတ်ဆိတ်ငြိမ်သက်နေရာ ရုတ်တရက်ကြည့်လျှင် အဖွဲ့သားအားလုံး အိပ်ပျော်နေကြသည်ဟု ထင်စရာရှိလေသည်။

သို့သော်

ဌာနခွဲအတွင်း ညဘက်၊တိတ်ဘဆိတ်အစောင့်ချထားသော ဘင်းပုန်းများနှင့် လှည့်ကင်းများ၊ရှိနေပါသည်။

အနက်ရောင် ဝတ်ဆင်ထားကြသူများသည် အမှောင်ရိပ်ထဲမှနေ၍ အခြေအနေကို စောင့်ကြည့်နေကြပြီး တစ်ခဏအကြာတွင် ခေါင်းဆောင်ဖြစ်သူက လက်ဝေ့ယမ်းပြ၏။

ဤတွင်..

'ဟူး...ဟူး...ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ထားသူအချို့သည်အဆောက်အဦတစ်ခုဆီသို့ ရိပ်ခနဲပြေးသွားကြလေသည်။

ထိုလူများ၏ လှုပ်ရှားမှုမှာ စောကြောင်များ အလား ညင်သာပေါ့ပါးလှ၏။

တစ်ခဏအတွင်းမှာပင်....

အဆောက်အဦတစ်ခုအနီးသို့ရောက်ရှိသွားကြပြီးအမှောင့်ရိပ်ခိုကာ နေရာယူထားကြပြီဖြစ်၏။

ထိုလူစုမှ နှစ်ဆယ့်ငါးယောက်ရှိသည်။

ခေါင်းဆောင်၏အမိန့်အတိုင်း တစ်သဝေမတိမ်း လှုပ်ရှားတတ်ကြသည်။



ထိုလူများရောက်ရှိသွားသောအဆောက်အဦမှာကျောက်တုံးများဖြင့် အခိုင်အခန့်တည်ဆောက်ထားသည်။

အဆောက်အဦအဝင်အဝ၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားလေသည်။

ဆိုင်းဘုတ်သည် အနက်ရောင်ဖြစ်ပြီး ရွှေရောင်စာလုံးများ ရေးထားသည်။

'ဆိုင်းကျွမ်းအဆောင်'

[illegible]
[illegible] ၁၃/၁၃၈၊ [illegible]
[illegible]
[illegible] ၂၁၃၅၅

ဟူ၍ဖြစ်လေသည်။

ဆိုင်းကျွမ်းအဆောင်။

ထိုအဆောင်တွင် မိုးကြိုးဂိုဏ်းမှ အဖွဲ့ဝင်များ၊ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးဖို့ ရှုမှတ်ထားသော ဆိုင်းကျွမ်းများကို စုစည်းထားရှိလေသည်။

ထိုအဆောင်မျိုးသည် မိုးကြိုးဂိုဏ်း၏ ဌာနချုပ်တိုင်း၌ရှိပြီး အသက်သွေးကြောတမျှ အရေးပါသော နေရာတစ်ခုလည်း ဖြစ်လေသည်။

သိုင်းကျမ်းအဆောင်၏ ထူထဲသော ကျွန်းတံခါးမကြီး ပေါ်တွင် သတိပေးစာတမ်းများ ချိတ်ဆွဲထား၏။

ထိုစာတန်းများမှာ–

'သတိ–

ဌာနခွဲမှူး၏ခွင့်ပြုချက်မရဘဲ မည်သူမျှမဝင်ရ'

ကျူးကျော်ဝင်ခဲ့သည်ရှိသော် ကြီးလေးသော အပြစ်ဒဏ် ခံရမည်'

အနက်ရောင် ဝတ်ဆားသော ခရေကျွန်းမှ လူများကား ထိုစာတမ်းကို ဂရုမစိုက်ကြပါချေ။

ခေါင်းဆောင်ကဲ လက်ဝေ့ယမ်းပြသည်နှင့်လူတစ်ယောက် ရှေ့သို့ ပြေးထွက်လာသည်။

ထိုလူ၏လက်ထဲ၌ သေတ္တာတစ်လုံးပါလာ၏။

သေတ္တာကိုဖွင့်လိုက်သောအခါ သံဆူးချွန်အလေးများ သံချောင်းများပါလာသည်။

ထိုလူသည် စေဘာ့ဝိဇ္ဇာတစ်ယောက်ဖြစ်ပုံရ၏။



နောက်ထပ်လူနှစ်ယောက်ကရှေ့တိုးလာကြပြီး နံဘေးမှ နေ၍ ထိုလူအားကူညီရန် အသင့်ပြင်ထား၏။

ထိုလူသည် သူ၏တန်ဆာပလာများဖြင့် အလုပ်ရှုပ်သွားပြီး မကြာမီ…

'ချောက်'

တံခါးမကြီးပေါ်မှ ကြေးသော့ခလောက်ကြီး ပွင့်သွား အောင် ဖွင့်နိုင်ခဲ့လေသည်။

ရှေးလော်သော မင်းတုပ်ကြီးကို ဖြုတ်ချနိုင်ခဲ့သည်။

ဤတွင်–

'ကျွိ'

အဆောင်တံခါး ပွင့်သွားလေသည်။

ခေါင်းဆောင်ဖြစ်သူ ကျေနပ်သွား၏။

လက်ဝှေ့ယမ်းပြပြီး ရှေ့ဆုံးမှ ပြေးဝင်သွား၏။

လူပေါင်းနှစ်ဆယ်တိတိ ပြေးဝင်သွားကြပြီး ဆောဦးအ အပြင်ဘက်၌ စောင့်ကျန်ခဲ့လေသည်။

ထိုလူလေးဦးသည် တံခါးမကြီးအား ပြန်စေ့ထားလိုက်ကြ၏။

ထို့နောက်–

အဆောက်အဦ၏ တစ်ဖက်တစ်ချက် အမှောင်ရိပ်ထဲသို့ အသာလျှိုကာ မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

သူတို့၏လှုပ်ရှားမှုမှာ သေသပ်လှပေသည်။

အဆောင်အတွင်းသို့ လူနှစ်ဆယ်တိတိ ဝင်သွားကြသော်လည်း ဘာသံမျှမကြားလိုက်ရပေ။

ရုတ်တရက်ကြည့်လျှင်....

အဆောင်သည် တံခါးပိတ်ထားပြီး ပကတိအေးချမ်းငြိမ်သက်နေသည်ဟု ထင်စရာရှိပေတော့သည်။

၀ ၀ ၀



ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေဆဲ၊

အမှတ်ငါးဌာနခွဲတစ်ခုလုံး တိတ်ဆိတ်နေဆဲ။

သို့သော်....

ခရေကျွန်းမှလူနှစ်ဆယ်ကား သိုင်းကျမ်းအဆောင်အတွင်း ရောက်ရှိနေကြပြီဖြစ်သည်။

ထိုလူစုသည် သိုင်းကျမ်းအဆောင်အတွင်း၌ ကြွက်များ သဖွယ် မွှေနှောက်ရှာဖွေနေကြ၏။

အဆောင်အတွင်း၌ စာအုပ်စင်များ၊ ဗီရိုများ၊ သစ်သား စင်များမှင့် စာပွဲများ အစီအရီရှိသည်။

ယင်းသစ်သားစင်များပေါ်၌လည်းကောင်း၊ ဗီရိုများ ထဲ၌လည်းကောင်း၊ စာအုပ်စင်များပေါ်၌ လည်းကောင်း မိုးကြိုးဂိုဏ်း၏ထင်ရှားသောသိုင်းကျမ်းများရှိနေပါသည်။

မိုးကြိုးဂိုဏ်းမှနေ၍ ရှိသမျှသိုင်းကျမ်းများအားဆင့်ပွား ကူးယူကာ ဖြန့်ဝေပေးခြင်းဖြစ်၏။

သိုင်းလောကသားများစိုးရိမ်နေသောကိစ္စကားဖြစ်ပေါ်လာခဲ့လေပြီ။

ဗိုလ်များ တံခါးပွင့်ကုန်သည်။

စာအုပ်စင်များပေါ်မှစာအုပ်များ ဖရိုဖရဲဖြစ်ကုန်သည်။

အံဆွဲများလည်းပွင့်ကုန်သည်။

သစ်သားစင်များပေါ်၌တင်ထားသော သိုင်းကွက်များရေးထားသည့်ဝါးခြမ်းလည်း အငြိမ်မနေရပါ။

လူပေါင်း နှစ်ဆယ်ခန့်ဖြင့် မြေလှန် ရှာဖွေလိုက်ကြခြင်းကြောင့် သိုင်းကျမ်းအဆောင်တစ်ခုလုံး ပြောင်းဆန်သွားတော့သည်။

အထူးသဖြင့်....

ဝါးပိုးဝါးရင့်ရင့်ကို လွှာချင်းလိုက်အား တစ်ထွာခန့်အညီဖြတ်၍အပြားစီးပြီးသား သားရေကြိုးဖြင့်အချုပ်လိုက်ပေါက်စီထားသော ဝါးခြမ်းများအားရှုပ်ထွေးကုန်ခြင်းဖြစ်သည်။



ခရေကျွန်းမှလူများသည် ပြောင်းဆန်အောင် မွှေနှောက်ရှာဖွေနေကြသော်လည်း အသံမထွက်အောင် အထိန်းစင် ဂရုစိုက်ကြလေသည်။

မည်သို့ဆိုစေ....

များပြားလှသော သိုင်းကျမ်းများကြားတွင် သူတို့အလိုရှိသော သိုင်းကျမ်းကို ရှာမတွေ့ဖြစ်နေ၏။

အကြောင်းကား....

အမှောင်ထုထဲ၌ မှန်းဆရှာဖွေနေကြရသည် မဟုတ်လော။

ထိုသို့ရှာဖွေနေရသဖြင့် တစ်ညလုံးရှာသည့်တိုင် တွေ့ရန်မလွယ်ကြောင်း ခေါင်းဆောင်ဖြစ်သူ သဘောပေါက်လေသည်။

ထို့ကြောင့်-

'မီးထွန်းပြီးရှာမယ်'

ဟု ပြောလိုက်၏။

သူ၏ဆုံးဖြတ်ချက်ကိုအဖွဲ့သားများ အံ့ဩသွား၏။

အဘယ်ကြောင့်ဆိုသော်...

မီးထွန်းလျှင် အပြင်ဘက်မှနေပြီးမီးရောင်ကိုတွေ့မြင်သွားနိုင်ခြင်းကြောင့်ဖြစ်၏။

ချက်ချင်းတပ်လှန့်အော ဝိုင်းအုံလာကြမည်ဖြစ်သည်။

မီးထွန်းလိုက်ခြင်းကြောင့် ဒုက္ခရောက်နိုင်ကြောင်း အဖွဲ့သားများ ရိပ်မိကြသော်လည်း မည်သူမျှ ဆန့်ကျင်ပြောဆိုခြင်း မပြုကြပါချေ။

သူတို့သည် ခေါင်းဆောင်အမိန့်ကို လိုက်နာခဲ့ကြဖို့ရလေသည်။

အဖွဲ့သားများသည် အရေးအကြောင်းပေါ်ပေါက်လာပါက အမှတ်ဝါးဌာနခွဲမှလူများနှင့်ရင်ဆိုင်ရန် သန္နိဋ္ဌာန်ချသားပုံရလေသည်။

အမှန်တော့...

ဖြတ် မှတ်ဝါးဌာနတွင် လူပေါင်းသုံးရာကျော်ရှိနေပါသည်။
စီထုး



အနက်ရောင် ဝတ်ထားသူ နှစ်ဆယ့်လေးယောက်သည် မည်သို့ယှဉ်နိုင်ပါအံ့နည်း။

တကယ်တမ်းပြဿနာပေါ်ပေါက်လာလျှင်တစ်ယောက်မျှ ထွက်ပြေးလွတ်မြောက်နိုင်မည်မဟုတ်ပါ။

သို့တိုင်...

အနက်ရောင်ဝတ်ထားကြသူများသည် သူတို့အလိုရှိသောပစ္စည်းအတွက် အသက်စွန့်ရန် ဝန်မလေးကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

တစ်ယောက်သည် အသင့်ယူဆောင်လာသော အထုပ်အသေးတစ်ထုပ်ကိုဖွင့်လိုက်ရာ ဖယောင်းတိုင်သုံးတိုင်နှင့် မီးပတ်ကျောက်များ ထွက်ပေါ်လာ၏။

ထိုလူက တိတ်ဆိတ်စွာ လှုပ်ရှားလိုက်ခြင်းဖြင့် တစ်ခဏအတွင်းမှာပင်ဖယောင်းတိုင်သုံးတိုင်စလုံး မီးထွန်းပြီးသားဖြစ်သွားလေသည်။

ဖယောင်းသုံးတိုင်သည် သုံးနေရာခွဲလိုက်၏၊

အလင်းရောင်ထွက်လာသည်။

အားလုံးလိုလိုစိတ်လှုပ်ရှားနေကြသည်။

အလိုရှိသည့်ပစ္စည်းကို ရှာဖွေတွေ့ရှိပြီး အမှတ်ငါးဌာနခွဲ အတွင်းမှ ထွက်သွားလိုကြသည်။

သူတို့သည် အံ့ဩစရာကောင်းအောင် သွက်လက်စွာလှုပ်ရှားလိုက်ကြပြီး မကြာမီ...

'တွေ့ပြီ'

စကားသံတစ်ချက်ထွက်လာသည်ကိုကြားရလေသည်။

အားလုံး ဝမ်းသာသွားကြ၏။

စကားသံထွက်ပေါ်လာရာသို့လှမ်းကြည့်လိုက်ကြ၏။

ဘယ်ဘက်ရှိလူတစ်ယောက်၏ စကားသံ ဖြစ်သည်။

အားလုံးသည် တိုင်ပင်ထားကြသလို ထိုလူထံ သွားကြလေသည်။

ခေါင်းဆောင်ဖြစ်သူက အရင်ဦးစွာရောက်သွားခြင်းဖြစ်လေသည်။



ထိုလူသည် ခေါင်းဆောင်၏လက်ထဲသို့ တစ်စုံတစ်ခုထည့်ပေးလိုက်လေသည်။

ခေါင်းဆောင်ကလည်း မီးရောင်ဖြင့်သေသေချာချာ စစ်ဆေးကြည့်လိုက်သည်။

ရှာဖွေတွေ့ရှိသူက—

'သည်ပစ္စည်းမှန်တယ်မဟုတ်လား'

ဟု မေးလေ၏။

ခေါင်းဆောင်က....

'ဟုတ်တယ်၊ ဒါ တို့ရှာနေတဲ့မိုးကြိုးစားသိုင်းကျမ်းပဲ'

သူ၏ အတည်ပြုချက်ကြောင့် အနက်ရောင် ဝတ်ထားသူအားလုံး ဝမ်းသာသွားကြလေ၏။

သူတို့အလိုရှိနေသည့်ပစ္စည်းကို တွေ့ရချေပြီ။

သူတို့၏စွန့်စားသောလုပ်ရပ်တော့ ပြီးဆုံးသွားချေပြီ။

ဌာနခွဲ အတွင်းမှ အမြန်ဆုံးထွက်သွားဖို့သာရှိတော့သည်။

ခေါင်းဆောင်သည် မိုးကြိုးစားကျမ်းအား သူ၏အင်္ကျီ ရင်ပတ်ကြားသို့ ထိုးသွင်း၍ သိမ်းဆည်းလိုက်၏။

'မီးမှုတ်လိုက်'

ဟု အမိန့်ပေးလိုက်ရာ ဖယောင်းတိုင်ကိုင်ထားကြသူများ မှာ ချက်ချင်းပင် မီးငြိမ်းလိုက်ကြသည်။

မီးရောင်ကွယ်ပျောက်သွားပြီး သိုင်းကျမ်းအဆောင်တွင်း မှောင်အတိကျသွား၏။

ခေါင်းဆောင်က—

'သွားစို့'

ဟု ပြောလိုက်သည်။

ထို့နောက်—

အားလုံးသည် ဝင်ပေါက်တံခါးမကြီးဆီသို့ ချက်နှာမူ လိုက်ကြလေသည်။

သူတို့ ထွက်သွားကြတော့မည်ဖြစ်၏။



အမြန်ခရီးသည် အလာခရီးကဲ့သို့ ချောချောမောမောဖြင့် ရှိနိုင်ပါမည်လော။

ထိုစဉ်မှာပင်—

အပြင်ဘက်မှ ဆူဆူညံညံ အသံများထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်။

X X X

## သူရဲကောင်း

ထုံးစံအတိုင်း အမှတ်ငါးဌာနခွဲမှ သိုင်းသမားအချို့ ကင်းလှည့်လာကြ၏။

ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် စစ်ဆေးရင်းလာခဲ့ကြရာမှ သိုင်းကျမ်းများထားရှိသော အဆောင်အနီးသို့ ရောက်ရှိလာကြလေသည်။

အမှတ်ငါးဌာနခွဲအတွင်း ညဘက်ကင်းလှည့်စစ်ဆေးရန် အဖွဲ့ငါးဖွဲ့ ဖွဲ့စည်းထားသည်။



ထိုကင်းအဖွဲ့ငါးဖွဲ့သည် တစ်ညတာအချိန်ကို ငါးပုံပုံ၍ တစ်ဖွဲ့လျှင်တစ်ပုံကျ တာဝန်ယူရသည်။

ကင်းအဖွဲ့တစ်ဖွဲ့တွင် သိုင်းသမားခြောက်ဦးပါရှိသည်။

လူနှစ်ယောက်သည် ရှေ့ဆုံးမှနေ၍ မီးအိမ်နှစ်လုံးကိုကိုင်ဆောင် လမ်းပြရလေသည်။

ကျန်လေးယောက်က ဓားလွတ်ကိုယ်စီကိုင်ကာ ပတ်ဝန်းကျင်ကိုမျက်ခြည်မပြတ်အကဲခတ်ရင်း နောက်မှလိုက်ကြသည်။

သူတို့သည် အမှတ်ငါးခြံဝင်းအတွင်း၌လှည့်ပတ်ကာ ကျူးကျော်ဝင်ရောက်လာသူရှိမရှိ စစ်ဆေးရလေသည်။

ယခု...

အမှတ်သုံးကင်းအဖွဲ့ တာဝန်ကျချိန်၌ လှည့်လည်စစ်ဆေးကြရင်း သိုင်းကျမ်းအဆောင်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြသောအခါ—

'မီးရောင်ပါလား'

'ဟုတ်တယ်ဟေ့'

'သိုင်းကျမ်းအဆောင်မှာ မီးရောင်တွေ့တယ်၊ဒါမသွာကြဲ့ရောဲ'

ဟု တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြသည်။

ဆင်းသမားများသည် သိုင်းကျမ်းအဆောင်မှ မီးရောင် ထွက်ပေါ်လာခြင်းကြောင့် အံ့ဩနေကြပါသည်။

သိုင်းကျမ်းအဆောင်သည် အမှတ်ငါးဌာန၏ တားမြစ်ထားသော နေရာတခုဖြစ်သည်။

ဆင်းသမားများသည် သိုင်းကျမ်းအဆောင်သို့ဝင်ရောက်စစ်ဆေးခွင့်မရှိပါ။

အဆောင်အပြင်မှသာ အခြေနေကိုစစ်ဆေးရသည်။

ထို့ကြောင့် မီးရောင်တွေ့သည်နှင့်—

'သိုင်းကျမ်းအဆောင်ထဲကို လူဝင်နေပြီ'

'ရောက်တယ် မြန်မြန်လာကြဟေ့'

ဆင်းသမားခြောက်ယောက် တစ်ဟုန်ထိုး ပြေးထွက်လိုက်ကြသည်။



ခါးလွတ်ကိုင် လူလေးယောက်က ပြေးလွှားသွားကြပြီး မီးအိမ်ကိုင်လူနှစ်ယောက်သည် အသင့်ပါလာသော မောင်း တစ်ခုအား တဒူဒူမြည်အောင်တီးလိုက်လေသည်။

'ဒူ....ဒူ'

မောင်းသံများ ကျယ်လောင်စွာထွက်ပေါ်လာ၏။

ထိုမောင်းသံသည် အမှတ်ငါးဌာနခွဲတစ်ခုလုံးအား တပ်လှန့်နှိုးဆော်လိုက်လေသည်။

ညအချိန်—

အရေးပေါ်မောင်းသံကြားသည်နှင့် လူတိုင်းသည် ရှိရာ ဆက်နက်စွဲကိုင်ကာ မောင်းသံထွက်ပေါ်လာသော နေရာသို့ အရောက်သွားရမည်ဖြစ်သည်။

ထိုအချက်ကို ထမင်းချက် သန့်ရှင်းရေးအလုပ်သမားအဆ သိရှိထားကြလေသည်။

'ဒူ—ဒူ'

မောင်းသံသည် အဆက်မပြတ်ထွက်ပေါ်လာ၏။

ထိုနောက်တွင်....

'ရန်သူ...ရန်သူ'

ဟူသော အော်ဟစ်သံများ ကျက်ကျက်ညံ သွားလေတော့သည်။

x x x

အခြေအနေကား အဆိုးဘက်ရောက်ရှိသွားလေသည်။

ဝတီစုံနက်များအလိုရှိသည့် မိုးကြိုးဓားကျမ်းကို ရရှိလိုက်ပြီးမှ အဖွဲ့သားများအား ကျူးကျော်ဝင်ရောက်မှု ရှိနေပြီဖြစ်ကြောင်း သိရှိသွားကြခြင်းဖြစ်၏။



သိုင်းကျွမ်းအဆောင်အပြင်ဘက် အမှောင်ရိပ်ထဲ၌ရှိနေသူ လေးယောက်သည် အခြေအနေမဟန်မှန်း နားလည်လိုက်ကြသည်။

ယခုလိုအခြေအနေမျိုးဖြစ်ပေါ်လာလျှင် မည်သို့ရှင်ဆိုင်ရမည်ကိုလည်း ကျောင်းမှာနားလည်ထားကြပြီဖြစ်သည်။

အမှောင်ရိပ်ထဲမှ ဝတီစုံနက်လေးယောက်သည် လျှပ်တစ်ပြက် ခုန်ထွက်လိုက်ကြပြီးရှေ့ဆုံးမှပြေးလာသည့်ကင်းသမားနှစ်ယောက်အား တိုက်ခိုက်ကြလေသည်။

ဝတီစုံနက်လေးယောက်က လက်နက်ပုန်းများကို တရစပ် ပစ်လွှတ်ကာ တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

'ဝှစ်...ဝှစ်...ဝှစ်'

ကြယ်ပွင့်ဆဏ္ဌာန်လက်နက်ပုန်းများ ပစ်လွှင့်သွားပြီးသည်နှင့်...

'အား'

'အွန့်'

ရှေ့ဆုံးမှပြေးလာသည့် ကင်းသမားနှစ်ယောက်မှာစူးစူးအော်ဟစ်ကာ လဲကျသွားလေ၏။

ထိုစဉ်—

တံခါးဖွင့်သံ၊ အော်ဟစ်အမိန့်ပေးသံ၊ ပြေးလွှားလာကြသောအသံများ ထွက်ပေါ်လာ၏။

အမှတ်ငါး ဌာနခွဲတစ်ခုလုံး နိုးကြားသက်ဝင်လာပြီဖြစ်လေသည်။

ရှေ့ဆုံးမှ ပြေးဝင်သွားသော ကင်းသမား နှစ်ယောက် မရှုမလှခံလိုက်ရသည်ကိုတွေ့ရလျှင်ကျန်ကင်းသမားများထိတ်လန့်သွားကြ၏။

'ရန်သူ...ရန်သူ'

ဟု အသံကုန် အော်ဟစ်နေကြလေသည်။

ထိုစဉ်—



ကျယ်လောင်သောမြည်သံနှင့်အတူ သိုင်းကျောင်းအဆောင် တံခါး ဟာလာဟင်းလင်းပွင့်သွားလေသည်။

ဝတ်စုံနက်တစ်စုသည် တစ်ဟုန်ထိုးပြေးထွက်လာကြသည်။

သူတို့၏လက်ထဲ၌ ထူးခြားသော ဓားကိုယ်စီကိုင်ဆောင်ထားကြလေသည်။

ထိုဝတ်စုံနက်များသည် သိုင်းကျောင်းအဆောင်အမြင့်ထက်၌ရှိနေကြသော အစောင့်လေးယောက်နှင့် ပေါင်းစည်းမိသွားကြ၏။

ထိုနောက်...

'ယား'

ညာသံပေးကာ အော်ဟစ်နေသော ကင်းသမားများနှင့် ခေါင်းထုနေသော ကင်းသမားများထံ တစ်ဟုန်ထိုးပြေးဝင်လိုက်ကြလေသည်။

သူတို့၏လက်ထဲမှ ပုံသဏ္ဌာန်ထူးခြားသော ဓားများသည် လရောင်အောက်တွင် ဝင်းခနဲလက်သွား၏။

မရွှေမနှောင်းမှာပင်—

'အစ၊'
'အွန့်'
'အမယ်လေး'
'သေပါပြီဗျ'

ကျန်ရှိနေသော ဓားသမားလေးယောက်မှာ နာကျင်စွာအော်ဟစ်၍ လဲကျသွားကြလေ၏။

မျက်စိတမှိတ်အတွင်းမှာပင် ဓားသမားခြောက်ယောက် သုတ်သင်ခံလိုက်ရလေသည်။

ဝတ်စုံနက်များသည် ဓားသမားများအား ဖယ်ရှားနိုင်ပြီဖြစ်သော်လည်း ထွက်ပြေးလွတ်မြောက်ဖို့အား မလွယ်ကူတော့ပါချေ။

သူတို့အတွက် အချိန်နှောင်းနေပြီဖြစ်၏။

မီးရှောင်များ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

မိုးကြိုးဂိုဏ်းမှလူများ အရပ်လေးမျက်နှာမှ ပြေးလွှား ရောက်ရှိလာကြလေသည်။



မီးတုတ်များမှ အလင်းရောင်ကြောင့် နေ့ဘက်နှင့်မခြားအောင် ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားလေသည်။

ဝတ်စုံနက်များ ပြေးပေါက်မရှိအောင်ပင် ပိတ်ဆို့ဝိုင်းရံထားလိုက်ကြလေသည်။

မိုးကြိုးဂိုဏ်းသားများက စုစုပေါင်း သုံးရာကျော်မျှ ရှိလေသည်။

အားလုံးသည် သိုင်းပညာ တတ်မြောက်ထားကြသူများ ဖြစ်ပေသည်။

ဝတ်စုံနက်နှစ်ဆယ့်လေးယောက်မှာ မည်သို့မျှလွတ်မြောက်နိုင်ကြတော့မည် မဟုတ်ပါချေ။

ဝတ်စုံနက်ခေါင်းဆောင်သည် ပတ်ဝန်းကျင်ကို စေ့စေ့ကြည့်လိုက်သည်။

တစ်ဖန်—

သူ၏လူများကို ပြန်လည်ကြည့်လိုက်၏။

သူ၏ အောင်မြင်သောအသံထွက်ပေါ်လာလေသည်၊

'အားလုံး အမိန့်အတိုင်းဆောင်ရွက်ကြမယ်၊ တိုးဖောက်ထွက်ကြ၊ တို့လူစုထဲက တစ်ယောက်လွတ်သွားရင် အမြတ်ထွက်ပြီ၊ ကဲ စပြီးတိုးဖောက်ထွက်ကြပေတော့'

သူ၏စကားဆုံးလျှင် ဝတ်စုံနက်များက ဦးညွတ်လိုက်ကြလေသည်။

ချက်ချင်းပင် ကြယ်ပွင့်သဏ္ဌာန် လက်နက်ပုန်းလေးများ ထုတ်ယူကာ တရစပ် ပစ်ခတ်လိုက်ကြလေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းများသည် အထပ်ထပ် စိုင်းရံ ထားသော ဂိုဏ်းသားများထံပစ်လွှင့်သွားလေသည်။

'သတိထား'

'လက်နက်ပုန်းနဲ့ တိုက်လာပြီဟေ့'

ဂိုဏ်းသားများသည် ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်၊



'လာခဲ့'

ဝတ်စုံနက်များသည် ညာသံပေးကာ ထူးခြားသောပုံသဏ္ဌာန်ရှိသည့်ဓားများဖြင့် တိုက်ခိုက်ကြလေသည်။

မိုးကြိုးဂိုဏ်းသားများကလည်း ပြန်လည်တိုက်ခိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲကြီးဖြစ်ပေါ်လာသည်။

'ဒုန်း'

'အား'

'အမယ်လေး'

'သေပါပြီဗျ'

ရှူးရှဲသောအော်ဟစ်သံများ ထွက်ပေါ်လာ၏။

ဝတ်စုံနက်များသည် ဓားအပြင် ပေါက်ကွဲစေတတ်သော ယမ်းထုပ် လက်နက်များကိုပါ အသုံးပြုကာ တိုက်ခိုက်နေသည်။

မိုးကြိုးဂိုဏ်းတစ်ခုလုံး ကမ္ဘာပျက်သလို ဆူညံသွားလေတော့သည်။

x x x

ထိုအချိန်တွင်—

အမှတ်ငါး၄ခန်း၏ ခေါင်းဆောင် စိတုန် နေထိုင်သည့် အဆောင်အဆေးတွင် မီးရောင်များ ထွက်ပေါ်လာသည်။

ထို့နည်းတူ—

၄ခန်းမှူး စိတုန်၏ အဆောင်နှင့်ဘေး၌ရှိသော အခြား အဆောင်လေးတစ်ခုမှလည်း မီးရောင်များ ထွက်ပေါ်လာ လေသည်။

Z Z Z

မီးရောင်တို့ထွက်လာသည် ...

အဆောင်အတွင်း၌ အမှတ် ၅၄ခန်းမှူး၊ စိတုန်သည် မျက် လုံးချ၍ ထိုင်နေသည်။



အပြင်မှ အော်သံတစ်သံ တိုက်ခိုက်သံတို့ကို အတိုင်းသား ကြားရသည့်တိုင် စန်တုန်မှာ ဟန်မပျက်ရှိနေပါသည်၊

စိတုန်သည် အဘယ်ကြောင့် ဤမျှတည်ငြိမ်နေရသနည်း၊၊ အကြောင်းတစ်ခုခုတော့ရှိရပေမည် ...

ထိုအချိန်မှာပင် ...

အခန်းရှေ့၌ ညင်သာသည့် ခြေသံတို့ထွက်လာလေသည်၊

စိတုန်က မျက်လုံးဖွင့်မကြည့်ပါ....

ခြေသံက တစ်စစနီးကပ်လာပြီး စန်တုန်၏အနီးသို့ရောက် လာ၏။

ထိုနောက်ခြေသံပျောက်သွားသည်....

လူတစ်ဦးရောက်ရှိလာသည် ...

မျက်လုံးဖွင့်မကြည့်ပဲ ထိုလူမှာမည်သူမည်ဝါဖြစ်ကြောင်း စိတုန် သိပုံရသည် ...

'ကျင်မင်၊ မင်းရောက်လာပြီလား၊ ...

ဟုမေး၏။

သူ၏စကားသံ၌ အနှိမ့်အမြင့်မရှိ၊ ပျော့ပျောင်းညင်သာစွာ ထွက်လာခြင်းဖြစ်သည်…

စိတုန့်၏ ရှေ့သို့ ရောက်လာသူမှာ အသက် ၂၅ နှစ်ခန့်ရှိသည့် လူရွယ်တစ်ဦးဖြစ်သည်…

ရုပ်ရည်ချောမော၍ ယောကျ်ားပီသသူတစ်ဦး ဖြစ်သည်၊

အဖြူရောင် အဝတ်အစားတို့ ဝတ်ဆင်၍ လက်ထဲ၌ဓားရှည်တစ်လက် ကိုင်ထားသည်…

ကျောင်မင်ဆိုသည့်လူရွယ်သည် စိတုန့်အား ဦးညွတ်ဂါရဝပြုလိုက်ပြီး

'ဆရာ…ကျွန်တော်ဂါရဝပြုပါတယ်—

ဟုပြော၏၊

စိတုန့်က

'ကျောင်မင်၊မင်းဟာ တို့အမှတ်၅ဌာနမှာရောက်နေတာဘယ်လောက်ကြာပြီလဲ…



ဟုမေး၏၊

ကျောင်မင်က

'၁၀ နှစ်ရှိပါပြီ ဆရာ–

'အင်း…မင်းရဲ့ ဦးလေး ကျောင်ဖုန့် ခေါ်လာတုန်းက မင်းဟာ ကလေးပဲရှိသေးတာ၊ မင်းကိုခေါ်လာတဲ့အတွက် ငါက ကျောင်ဖုန့်ကို ကျေးဇူးတင်မိတယ်…

ကျောင်မင်၏မျက်နှာ၌ ကျေနပ်သည့်အရိပ်အယောင်တို့ ဖြစ်ပေါ်လာ၏၊

ကျောင်ဖုန့်သည် အမှတ် ၅ ဌာန၌ အရေးပါသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်…

ကျောင်ဖုန့်သည် တူတော်မောင် ကျောင်မင်က သိုင်းပညာဝါသနာပါမှန်းသိ၍ အမှတ် ၅ ဌာနသို့ခေါ်လာပြီး စိတုန့်ထံ၌ အပ်၍ သိုင်းပညာသင်ယူစေခြင်းဖြစ်သည်…

ကျောင်မင်ဟာ အထူးကြိုးစားရာ ပညာစုံသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်—

စိတုန်အား မျက်လုံးဖွင့်လိုက်သည်–

ကျော့မင်ကို ခြေဆုံးခေါင်းဆုံးကြည့်၍..

'ကျော်မင်၊ မင်းဟာ သိုင်းပညာ ပြည့်စုံပြီဖြစ်လို့ ဓမ္မးရ
မြေကို ပြန်ဖို့ ခွင့်တောင်းထားတယ်မဟုတ်လား –

ဟုမေး၏၊

ကျော်မင်က

'ဟုတ်ပါတယ်ဆရာ–

စိတုန်က

'မင်းကို ငါက ခွင့်ပေးဖို့စဉ်းစားနေပါတယ်၊ ဘာဖြ
ဆိုရင် ငါတို့ဌာနအတွက် မင်းကို လိုအပ်နေလို့ပဲ..

ကျော်မင်က ဘာမျှမပြောဘဲနေလိုက်သည်—

အပြင်မှ စူးရှသည့် အော်သံတို့ ဆူညံစွာထွက်လာသ

တိုက်ပွဲသည် တစ်စထက်တစ်စ ပို၍ပြင်းထန်လာကြေ
ထင်ရှားနေ၏။

ညီတိုင်



စိတုန်သည် တိုက်ပွဲအကြောင်းမပြောဘဲ မိမိခွင့်တောင်း
သည့်ကိစ္စကိုသာ ပြောဆိုနေခြင်းကြောင့် မင်းအံ့ဩနေမိလေ
သည်။

စီတုန်အား ဆက်ပြောလိုက်သည်၊

'ဒါပေမယ့် ခုချိန်မှာတော့ ငါ့ရဲ့စိတ်ကူးတစ်မျိုး ပြောင်း
သွားပြီဆိုတာ မင်းတို့ပြောပြချင်တယ်'

'ကျော်မင် ဦးညွတ်လိုက်သည်။
'ဟုတ်ကဲ့ အမိန့်ရှိပါဆရာ'
စိတုန်က

'ငါက မင်းတို့ခွင့်လွှတ်လိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်'

ထိုစကားကြားလျှင် ကျော်မင် ဝမ်းသာသွားလေသည်။

ကြမ်းပြင်ပေါ် ဒူးထောက်၍ကာ ဦးညွတ်လိုက်၏၊

'ကျေးဇူးတင်ပါတယ်ဆရာ'
ဟု ပြောလေ၏၊
စိတုန် လက်ကာပြသည်။

‘နေဦး၊ ငါ့ကိုကျေးဇူးမတင်နဲ့ဦး၊ မင်းကို ပြောစရာရှိသေးတယ်’

‘ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ’

‘ကျင်မင်၊ မင်းဟာ ငါခိုင်းတဲ့တာဝန်နှစ်ရပ်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် မင်းကို အစ္စလပ်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်တာပဲ’

စိတုန်တွင် အကြံအစည်တစ်ခုရှိကြောင်း ကျင်မင်သဘောပေါက်လိုက်၏။

စိတုန်က

‘ငါပေးအပ်တဲ့တာဝန်တွေကို မင်း ကျေပွန်အောင် ထမ်းဆောင်နိုင်ပါ့မလား’

ဟု မေးလေ၏။

ကျင်မင်က

‘ဘယ်လို တာဝန်မျိုးကိုမဆို ကျေပွန်အောင် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်ဆရာ’



ဟု ကတိပေးလေသည်။

စိတုန် ကျေနပ်သွား၏။

‘ငါလဲ မင်းကို ယုံကြည်အားကိုးရလိမ့်မယ်လို့ မျှော်မှန်းထားခဲ့တာပေါ့၊ ကဲ…အပြင်ဘက်ကအသံတွေကို ကြားတယ်မဟုတ်လား’

ကျင်မင် ဦးညွှတ်လိုက်သည်။

‘ဟုတ်ကဲ့၊ ကြားပါတယ်ဆရာ’

စိတုန်က

‘မသူတော်တွေဟာ တို့မိုးကြိုးဂိုဏ်းကို ကျူးကျော် ဝင်ရောက်ခဲ့ကြတယ်၊ သူတို့ဟာ ဘာသဘောနဲ့ ခုလိုလာခဲ့ကြတယ်လို့ မင်းထင်သလဲ’

ကျင်မင်က

‘သိုင်းကျမ်းအစုဆောင်အနီးမှာ တိုက်ပွဲဖြစ်နေတာဆိုတော့ ရန်သူတွေဟာ သိုင်းကျမ်းတွေကို ခိုးယူဖို့ ဝင်လာကြတာပဲ ဖြစ်ပါလိမ့်မယ်ဆရာ’

စိတုန် ပြုံးလေသည်။

'ဟုတ်တယ်၊ ဒါကြောင့်ပြီး တခြားဘာမှမဖြစ်နိုင်ဘူး၊ သိုင်းကျမ်းအဆောင်မှာ သိုင်းကျမ်းတွေ မှတ်စုတွေ အများကြီးရှိနေတာပဲ၊ သူတို့က ဘာကိုလိုချင်ကြမယ်လို့ မှန်းထင်သလဲ'

ကျော်မင်းက

'သူတို့ဟာ မိုးကြိုးဂိုဏ်းရဲ့ အထင်ရှားဆုံးမို့ မိုးကြိုးဓားကျမ်းကို လိုချင်လို့ပဲ ဖြစ်ပါလိမ့်မယ်ဆရာ'

စိတုန့် ခေါင်းညိတ်လေသည်။

'မှန်တယ်၊ မိုးကြိုးဓားကျမ်းကို မျက်စောင်းထိုးနေတဲ့ လူအတော်များများရှိနေတယ်၊ ဒါပေမယ့် မိုးကြိုးဂိုဏ်းရဲ့ အရှိန်အဝါကြောင့် လက်တွေ့မလှုပ်ဝံ့ကြဘူး၊ ဒီလူတွေထဲ အကြောက်အကန် ကြိုးစားကြည့်ကြတာပဲဖြစ်မယ်၊ ဒါပေမယ့်'

စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလေ၏။

ကျော်မင်းက



'မိုးကြိုးဂိုဏ်းပိုင်နက်ထဲကို ကျူးကျော်လာတာ သည်းခံနိုင်စရာအကြောင်းမရှိပါဘူး၊ သူတို့ကို မှတ်လောက်အောင် ဆုံးမသင့်ပါတယ်ဆရာ'

စိတုန့် ပြုံးလေသည်။

'အင်း...မင်းသိ အမှတ်ဝါးဌာနခွဲရဲ့ မျက်နှာပျက်စရာ အဖြစ်အပျက်တစ်ခုကိုသိရင် ဒီလို စပြောဖြစ်မှာမဟုတ်ဘူး'

ကျော်မင်း မျက်မှောင်ကြုတ်သွားသည်၊

'မျက်နှာပျက်စရာ အဖြစ်အပျက်ဟုတ်လားဆရာ'

'ဟုတ်တယ်'

'ဘယ်လို အဖြစ်အပျက်လဲဆိုတာ ကျွန်တော် သိခွင့်မရှိဘူးလားဆရာ'

ကျော်မင်း စိတ်ဝင်စားစွာမေးလိုက်သည်။

စိတုန့်က

'အင်း….မင်းသိအောင် ပြောပြရမှာပေါ့၊ ရန်ကု
အမှတ်ငါးဌာနခွဲကို ကျူးကျော်ဝင်ခဲ့ကြတာ ဒါဟာ ပထ
ဆုံးအကြိမ် မဟုတ်ဘူးကွယ့်'

'ဗျာ'

ကျောင်မင် ရင်ထိတ်သွားသည်။

ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်လျှင် ဒီနေ
ကို ကျူးကျော်ဝင်ခဲ့သူတစ်ဦး ရှိခဲ့ဖူးတယ်'

ကျောင်မင်သည် စိတ်လှုပ်ရှားစွာဖြင့် စိတုန်အားကြည့်မိ

စိတုန်က

'ပထမတစ်ကြိမ် ဝင်လာတာ လူတစ်စုမဟုတ်ဘူး၊ လူ
ယောက်တည်းပဲ'

'ဗျာ'

'သူဟာ၊ တို့ရဲ့နာမည် အကျော်ကြားဆုံး မိုးကြိုး
ကျမ်းကိုကူးယူပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်'



ကျောင်မင်က

'လွတ်မြောက်သွားတယ်ကိုတ်လား၊ သူ့ကို လိုက်မရှာကြ
ဘူးလား'

ဟု မေးလိုက်သည်။

စိတုန်က

'လိုက်ဖမ်းတယ် လိုက်ရှာတယ်၊ ဒါပေမယ့် သူက လွတ်
သွားတယ်'

'ဒါဆို'

ကျောင်မင်သည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားသည်။

စိတုန်ကိုလည်း စိုးရိမ်ပူပန်စွာ ကြည့်လိုက်၏။

မိုးကြိုးဓားကျမ်းအား ပြင်ပမှလူတစ်ယောက်က ခိုးကူး
ယူသွားခြင်းကြောင့် စိတုန်တွင် တာဝန်ရှိနေမည်ဖြစ်သည်။

စိတုန်သည် ထိုလူအား မိအောင်ဖမ်းရမည်ဖြစ်၏။

ထိုက်သင့်သော အပြစ်ဒဏ်ပေးရမည်ဖြစ်သည်။

ထိုသို့မသိုတ်လျှင်

မိုးကြိုးကိုက်းငှားနခွဲနှင့် မိုးကြိုးဓားကျမ်းအား အကွယ်စောင့်မှောက်နိုင်ခြင်းမရှိသဖြင့် စိတုန်တွင် တာဝန်ရှိမည်ဖြစ်ပြီး မိုးကြိုးကိုက်း၏စည်းကမ်းအရ အပြစ်ပေး အရေးယူခံရမည်ဖြစ်၏။

စိတုန်သည် တာဝန်ရှိသဖြင့် အပြစ်ပေးခံရမည်ဆိုလျှင် အမှတ်ငါးငှားနခွဲတွင် နွားနခွဲမှူးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရှိတော့မည် မဟုတ်ပါချေ။

စိတုန် အပြစ်ပေးခံရမည်ဟူလည်း မကြားမိပါ။

ထို့ကြောင့်

ဆရာအား

မေးရန်ဟန်ပြင်ပြီးမှ မမေးသင့်ကြောင်း သတိထားမိသဖြင့် ကပျာကယာ ပါးစပ်ပိတ်ထားလေသည်။



ကျင်မင်မမေးသော်လည်း စိတုန်အာတည်ကြည်သော မျက်နှာထားဖြင့် ပြောလေ၏။

'ဒါဟာ တာဝန်မကျေဖြစ်ခဲ့ဘူး၊ ဒါကြောင့် အပြစ်ပေးအရေးယူဖို့ ကိုက်းချုပ်ဆီသွားပြီး တွေ့ဆုံခဲ့တယ်၊ တအယ်လို့ ငါ့အပြစ်ကြောင့် သေဒဏ်အပြစ်ပေးခံရမယ်ဆိုရင်လဲ ငါက ခံယူမလို့ပါပဲ၊ အပြစ်ကို ကျေကျေနပ်နပ်ခံယူသွားမှာပါ' ဒါပေမယ့် ကိုက်းချုပ်ကြီးက အပြစ်မပေးဘဲ သိုင်းကျမ်း ခိုးယူသွားသူကိုသာ မရမနေ ရှာဖွေခိုင်းခဲ့တယ်လေ'

ကျင်မင်အား

'သြော်...ဒါကြောင့် ဆရာဟာ မကြာခဏခရီးထွက်နေတာကိုး'

ရရှုတ်ချသည်။

မှန်ပေ၏။

ကျင်မင်က မိုးကြိုးကိုက်၊ အမှတ်ငါးငှားနခွဲသို့ ရောက်လာပြီးသည့်နောက်ပိုင်းတွင် နွားနခွဲမှူးစိတုန်သည် မကြာခဏခရီးထွက်လေ့ရှိသည်ကို သတိပြုမိထား၏။

အဘယ်ကြောင့် ထိုသို့ ခရီးထွက်ရသည်ကို ယခင်က မသိခဲ့ပါ။

ယခုမှ အဖြစ်မှန်ကိုသိရခြင်း ဖြစ်လေ၏။

စိတုန်က

'ဟုတ်တယ်၊ ငါက နှစ်ပေါင်းသုံးဆယ်လုံးလုံး လိုက်ရှာခဲ့တယ်၊ ဒါပေမယ့် ကနေ့အထိ မတွေ့ဘူး၊ သူ သေသွားပြီလား၊ ဒါမှမဟုတ် အသက်ရှင်နေသေးသလားဆိုတာ မသိခဲ့ရဘူး ၊အဲဒါ ထက်ဆိုးတာက...'

သူက သက်ပြင်းချလိုက်ပြီးမှ ဆက်ပြောလေ၏။

'အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာကို ဒီနေ့အထိ မသိခဲ့ရသေးတာပဲ'

'ဗျာ'

ကျင်မင်က မယုံကြည်နိုင်အောင် ဖြစ်သွား၏။

စိတုန်၏သိုင်းပညာမှာ အံ့မခန်း ထူးချွန်မှုရှိကြောင်း သိရှိထား၏။



သို့တိုင်

ထွက်ပြေးသွားသော သိုင်းကျမ်းခိုးကူးသူမှာ မည်သူမည်ဝါမှန်း မသိခဲ့ရသည့်အတွက် ထိုလူ၏သိုင်းပညာမှာ ပို၍ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်နေပါတော့သည်။

ထိုလူသည် အလွန်ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်ပေလိမ့်မည်။

ထိုလူသည် အံ့မခန်း သိုင်းပညာထူးချွန်ပါလျက် အဘယ်ကြောင့် မိုးကြိုးမေးကျမ်းအား လာရောက်ခိုးယူပါသနည်း။

ကျင်မင် သိလိုစိတ်ပြင်းပြလာသည်။

သူက

'ဒီလူဟာ အတော်ကို ကြောက်စရာကောင်းတဲ့ လူတစ်ဦးဆိုတာကို ခင်း တွေးနေတာမဟုတ်လား'

ဟု မေးလေသည်။

ကျောင်မင် ဝန်ခံလိုက်၏။

'ဟုတ်ပါတယ်ဆရာ'

သူက

'ငါတို့ကို ထွက်ပြီးဟန့်တားတာ ဒီလူကိုဖမ်းမိဖို့ မပြောနဲ့ ဘယ်သူဘယ်ဝါမှန်းတောင် မသိလိုက်ရဘူးဆိုတော့ မင်းက သွားပြီးယှဉ်ရမယ်ဆိုရင် မလွယ်ဘူးလို့ တွေးနေတာမဟုတ်လား'

ကျောင်မင် ဘာမှမပြောဘဲ နေလိုက်၏။

သူက စကားဆက်လိုက်သည်။

'မင်းကို ယှဉ်ခိုင်းတာမဟုတ်ပါဘူး၊ ဘယ်သူမှန်းတောင် မသိရသေးဘဲ ဘယ်လိုလုပ်ယှဉ်ရမှာလဲ'

ကျောင်မင်က

'ဆရာပြောတာ မှန်ပါတယ်'

သူက



'မင်းအခွင့်ယူပြီး ဇာတိရပ်ရွာပြန်နိုင်မယ်ဆိုတော့ လွမ်းခရီးမှာ အဲဒီထူးဆန်းတဲ့ စောရအကြောင်းကို အတတ်နိုင်သလောက် စုံစမ်းပေးဖို့ မှာချင်တာပါပဲ'

ကျောင်မင် သက်ပြင်းချလေသည်။

စိတုန်သည် သူ့အား တာဝန်နှစ်ခုပေးမည်ဟု ပြောခဲ့၏။

ပထမတာဝန်မှာ ထူးဆန်းသော စောရ၏သတင်းကို စုံစမ်းပေးဖို့ဖြစ်ကြောင်း သိလိုက်ရပြီဖြစ်၏။

ဒုတိယတာဝန်ကို စိတုန်မပြောဘဲ သူကသိထား၏။

ယခု

ကျူးကျော်လာသူများအား ဆုံးမဖို့ပင် ဖြစ်ရမည်မဟုတ်ပါလား။

စိတုန်က

'ကျောင်မင်တို့ရဲ့ပိုင်နက်ထဲကို ကျူးကျော်စော်ကားလာတဲ့လူတွေကို ဆုံးမရလိမ့်မယ်၊ မင်းရဲ့အရည်အချင်းကို ငါယုံတယ်၊

သူတို့ကိုဆုံးမပြီးတာနဲ့ မင်းကို ခွင့်လွှတ်လိုက်ပြီလို့ မှတ်ထား ပါ၊ မင်းပြန်ရောက်လာတဲ့အထိ ငါအနားယူနေတော့မယ်၊ အမှတ်ငါးဌာနရဲ့ ကိစ္စအဝဝကို မင်းရဲ့ဦးလေးကျောင်ဖုန်နဲ့ပဲ လွှဲ ထားလိုက်တော့မယ်၊ ကဲ...မင်းဘာမေးချင်သေးလဲ'

ရှု မေးလေသည်။

ကျောင်မင်က
'မေးစရာမရှိပါဘူးဆရာ'
သူက

'ဒါဖြင့် ကျူးကျော်သူတွေကို ဆုံးမလိုက်ပေတော့'

စကားဆုံးလျှင် မျက်လွှာချထားလိုက်သည်။

ဘာမှ ထပ်မပြောတော့ပါ။

မေးလျှင်လည်း ဖြေတော့မည်မဟုတ်ပါ။

ကျူးကျော်သူများအား ဆုံးမဖို့တာဝန်ကို ကျောင်မင်အား လွှဲပေးလိုက်ပြီဖြစ်လေသည်။

ကျောင်မင် ဦးညွှတ်လိုက်၏။



ထို့နောက် တိတ်ဆိတ်စွာ အဆောင်ထဲမှထွက်လာသည်။

အဆောင်ပြင်သို့ရောက်လျှင်

'ဟိတ်'

အသံတစ်ချက်ပေးကာ မြေပေါ် ခြေဆောင့်ခုန်လိုက်၏။

ဆူဆံခန္ဓာကိုယ်သည် မြားတစ်စင်းပမာ အပေါ်သို့ ထိုး တက်သွားလေသည်။

ထို့နောက်

ကျွမ်း သုံးလေးပတ်မျှပစ်လိုက်လျှင် တိုက်ပွဲဖြစ်ပေါ်နေ သော နေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။

x x x

တိုက်ပွဲ...

တိုက်ပွဲကား ပြင်းထန်လှပေသည်။

ဝတ်စုံနက်များသည် လူနည်းသော်လည်း ကြောက်ခမန်း
လိလိ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။

သူတို့သည် ခေါးကိုယ်စီ အသုံးပြုသည့်အပြင် ကြယ်ပွင့်ပုံ
သံနက်ပုန်းလေးများနှင့် ပေါက်ကွဲစေတတ်သော ယမ်
ထုပ်များကိုပါ အသုံးပြု၍ တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်
မိုးကြိုးဂိုဏ်းမှလူများသော အင်အားတောင်းသည့် သို
ပညာတော်ကြလေသည်။

သို့သော်

ဝတ်စုံနက်များက ထူးသောကိုယ်သော တိုက်ခိုက်ကြသော
အခါ အထိနာကုန်ကြပြီး အထိတ်တလန့် ဖြစ်ကုန်ကြသည်

'ငုန်း'
'အား'
'အမယ်လေး'



ဓူးရှသည့်အော်ဟစ်သံတို့ တစ်ခဲနက်ထွက်ပေါ်လာသည်။

ဂိုဏ်းသားများ တစ်ဦးပြီးတစ်ဦး လဲကျသွားကြသည်။

ထို့အတူ

ဝတ်စုံနက်များလည်း သက်သာကြသည်တော့မဟုတ်ပါချေ။

ထိုဂိုဏ်းသားများ၏ထက်ချက်ကြောင့် တစ်ဦးပြီးတစ်ဦး
လဲကျကုန်သေသည်။

သို့ဖြင့်

အဖွဲ့သား နှစ်ဆယ့်လေးဦးရှိသည့်အနက် ဆယ့်လေးဦးမှာ
ထိခိုက်ကျဆုံးကုန်ကြပြီဖြစ်သည်။

ကျန်ဆယ်ဦးသည် လူစုသုံးစုခွဲလိုက်ကြသည်။

ဂိုဏ်းသားများက သုံးနေရာခွဲပြီးတိုက်ခိုက်ကြသည်။

တိုက်ပွဲက ပို၍အရှိန်မြင့်လာသည်။

ကြောက်ခမန်းလိလိ ပြင်းထန်လာသည်။

'ဝုန်း'

ကျယ်လောင်သည့်ပေါက်ကွဲသံတို့ ထွက်နေသည်။

စူးရှသည့် အော်သံတို့ကလဲ ငရဲပျက်သည့်ပမာ...

မိုးကြိုးကိုက်း အမှတ်၅၄၁နမှာ ယနေ့ညဉ့် ပျက်စီးတော့မည်ထင်ရ၏။

'ဟူး'

အဝတ်လေတိုးသံထွက်လာသည်...

လူရိပ်တစ်ခုအား တိုက်ပွဲအတွင်းသို့ရောက်ရှိလာသည်...

ထိုလူမှာ ကျော်မင်း ဖြစ်သည်...

ကျော်မင်းအား တိုက်ပွဲကိုအကဲခတ်၍ကြည့်လိုက်သည်။

ဝတ်စုံနက်တို့က လူစု ၃ စု ခွဲလိုက်ပြီ ဖြစ်သည်...

၃ ယောက် နှစ်စု၊ ၄ ယောက် တစ်စုဖြစ်သည်။

ပထမ ၃ ယောက်က မိုးကြိုးကိုက်းဝင်တို့ကို ရင်ဆိုင်၏၊



ဒုတိယ ၃ ယောက်အား သိုင်းကျမ်းဆောင်အနီး၌ရှိနေ၏၊

တတိယ ၄ ယောက်အား ဝဲဘက်ရှိ အုတ်ခုံအနီးသို့ ရောက်ရှိနေကြပြီဖြစ်သည်....

ကျော်မင်းအား တစ်ချက် အကဲခတ်ကြည့်ပြီး၊ သည်နှင့် ရန်သူတို့အား သိုင်းကျမ်းအဆောင်ထဲသို့ ကျူးကျော် ဝင်ရောက်ကြပြီး သူတို့အလိုရှိသည့် ပစ္စည်းကို ရယူသွားပြီဖြစ်ကြောင်း ဆင်ခြင်မိ၏။

ထိုလူကို အပြင်းအထန် တိုက်နေကြသည်မှာ ထိုးဖောက်လွတ်မြောက်ရန် ဖြစ်ကြောင်းလဲ ဆင်ခြင်မိသည်...

'လက်စသတ်တော့ တစ်ယောက် လွတ်လဲ အမြတ်လို့ အဘောထားကြတာဘဲ၊ တစ်ယောက်မှမလွတ်စေရဘူး'

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်မိသည်...

ဝတ်စုံနက်တို့အား အုပ်စု ၃ စုဖြစ်ကြပြီး တစ်စုက အသက်စွန့်၍ တိုက်နေကြသည်....

တစ်စုအား သိုင်းကျမ်းအဆောင်နှင့် အခြားအဆောက်အဦတို့ကို မီးရှို့ရန် ကြိုးစားကြသည်။

တိုကြောင့်

မိုးကြိုးဂိုဏ်းသားတို့က ထိုလူတို့ကိုမိနိုင်ရန် ပြင်းထန်စွာ ကြိုးစားနေရသောကြောင့် တတိယလူစုအပေါ် အရေး ထားသလို ဖြစ်မိသည်....

ကျောင်မင်အား တိုက်ပွဲကိုကြည့်၍ တတိယလူစုသာလျှင် အရေးဂတ်ဆုံးဖြစ်ကြောင်းသဘောပေါက်လိုက်မိသည်။

ထိုလူစု လွတ်မြောက်နိုင်ရန်အတွက် ကျန်လူတို့က အသေ ခံ၍ တိုက်နေခြင်းဖြစ်ကြောင်း နားလည်လိုက်မိသည်။

ကျောင်မင်အား မဲ့ပြုံးပြုံးဆိုက်သည်—

'မင်းတို့ ပြေးနိုင်ရင်ပြေးစမ်း—

ဟုပြော၍ လျှပ်တပြက်ခုန်ဝင်သွားသည်။

တတိယလူစုမှ လူ၄ယောက်မှာ အုတ်ခုံအနီးသို့ ရောက် နေပြီ ဖြစ်ပါသည်....

သူတို့ ထွက်ပြေးတော့မည် ဖြစ်၍ မိုးကြိုး ဂိုဏ်းသား အချို့အား..



'မလွတ်စေနဲ့ ဝိုင်းထား....

'မင်းတို့ ပြေးလို့ရမလား....

'သေပေတော့....

ဟု ပြောသံပေး၍ ဝိုင်းဝန်းပိတ်ဆို့၍ တိုက်ခိုက်ကြသည်။

တတိယလူစုဖြစ်သည့် ဝတ်စုံနက် ၄ ယောက်အနက် တစ် ယောက်အား နောက်လှည့်၍ ပြန်လာပြီး မိုးကြိုးဂိုဏ်းသားတို့ နှင့် ရင်ဆိုင်လိုက်သည်....

ထိုလူအား လက်နက်ပုန်းတို့ဖြင့်ပစ်ခတ်၍ ဓားကိုဝှေ့ယမ်း၍ တိုက်ခိုက်သည်....

မိုးကြိုးဂိုဏ်းသားတို့အာလူ့ကိုဝိုင်းမိသည့်အခါ—

'ယား'

ပြောသံပေး၍ ယမ်းထုပ်တစ်ထုပ်ကို နှိုက်ယူ၍ ဖောက်ခွဲပစ် လိုက်သည်....

'ဝုန်း'

ကျယ်လောင်သည့်မြည်သံထွက်လာသည်—

ယမ်းထုပ်ပေါက်ကွဲရာ မီးတောက်မီးလျှံတို့ထွက်လာ၏၊

မြေကြီးတို့ပင် ဖွာခနဲ ဖွာခနဲ လွင့်စဉ်သွားသည်၊

ထိုအတူ

'အား'

'အမယ်လေး....

'အ ဝှူး'

'သေပါပြီဗျ—

စူးရှသည့်အော်သံတို့ တခဲနက်ထွက်လာသည်—

ယမ်းထုတ်ပေါက်သည့် ဝတ်စုံနက်က အပိုင်းပိုင်းဖြစ်သွား၏၊

ထိုအတူ

မိုးကြိုးကိုက်းသား ၅ ယောက်မှာ အမီးပေါ်၌ဖိတွဲ၊ အရှုံး လဲကျသွားသည်—



ထိုလူ၏ အသေခံတိုက်မှုကြောင့် မိုးကြိုးအဖွဲ့ဝင်တို့ ရှေ့စတိုးရဲ့အောင်ဖြစ်သွားကြသည်....

ကျန်သည့် ဝတ်စုံနက် ၃ယောက်မှာ ရရှိလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အုတ်ခုံပေါ်ခုန်တက်ရန် တန်ပြင်လိုက်၏။

'ဟိတ်...မင်းတို့ သည်လိုပြေးလို့လွတ်မလား—

ကျောင်မင်းမှာ လျှပ်တပြက်ခုန်ဝင်၍ တိုက်ခိုက်သည်၊

ဝတ်စုံနက် ၃ ယောက်အနက် ၂ ယောက်မှာ ချက်ချင်းပင် နောက်လှည့်၍ ရင်ဆိုင်လာကြသည်...

သို့သော်

သူတို့၏ ကြောက်စရာကောင်းသည့် အသက်စွန့်တိုက်ခိုက်မှုကို အသုံးမချလိုက်နိုင်ပါ....

ကျောင်မင်း၏ လက်တစ်ဖက်လှုပ်ရှားလိုက်သည်—

တောက်ပသည့် ဓားရောင်တို့ထွက်လာသည်—

စေတ်စုံနက် နှစ်ယောက်မှာ မည်သို့မည်ပုံ တိုက်ခိုက်ခဲ့ရသည်ကို သိနိုင်မည် မဟုတ်ပါ—

ကျော်မင့်ကို ရိပ်ခနဲ တွေ့ရပြီးနောက် စူး၍ နဘ်ကျင်သည့် ဝေဒနာတို့ ခံစားလိုက်ရဏာ—

'အား'

'အမယ်လေး...

မြေပေါ် လဲကျကုန်လေသည်—

တတိယလူစုဖြစ်သည့် ဝတ်စုံနက် ၄ယောက်အနက် တစ်ယောက်သာ ကျန်ပါတော့သည်—

ထိုကြောင့်—

ကျော်မင်ဏ ကြည့်လိုက်သည့်အခါ ထိုလူမှာ အုတ်ခုံပေါ် ရောက်နေပြီဖြစ်သည်...

'မပြေးနဲ့..

ကျော်မင်ဏ အော်လိုက်သော်လဲ နောက်ကျခဲ့ပြီဖြစ်သည်။



ထိုလူက ကုတ်ခုံတစ်ဖက်သို့ ခုန်ချ၍ မြင်ကွင်းမှ ပျောက်သွားလေသည်—

ကျော်မင် မကျေမနပ်ဖြစ်ရသည်...

'သူ့ကို အလွတ်ပေးလို့မရဘူး—

ချက်ချင်းပင် အုတ်ခုံပေါ်သို့ ခုန်တက်လိုက်သည်။

० ० ०

## တကယ့်သိုင်းကျမ်း

မိုးကြိုးဂိုဏ်း အမှတ် ၅ ဌာန—

အမှတ် ၅ ဌာန၌ ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲမှာ ပြီးဆုံးခဲ့ပြီ ဖြစ်လေသည်—

ဝတ်စုံနက်တို့အားလုံး သေခဲ့ကြလေပြီ—

သူတို့အား အသက်သေသည်အထိ မာပြင်းအထန်ခုခံခဲ့၏၊

မိုးကြိုးဂိုဏ်းသားတို့ရဲ့ အတော်ပင် အထိနာခဲ့သည်—

မည်သို့ဆိုစေ—



ဌာနမှူး စိတုန်နှင့် လက်ရုံး ကျောင်ဖုန်တို့အား အခြေအနေကို ကောင်းစွာထိန်းနိုင်ခဲ့ကြသည်—

သူတို့အဖွဲ့၏အဆောက်အဦထဲ၌ မီးရှောင်တို့ ထွန်းညှိထား လိုက်သည်—

အလောင်းတို့ကို နှစ်ဆတိုး၍ ချဇိုက်ကြသည်—

သေဆုံးသူတို့၏ အလောင်းတို့ကို မြေမြှုပ်ပေး၍ ထိခိုက် ဒဏ်ရာရသူတို့ကို ဆေးကုပေးသည်—

ဝတ်စုံနက်တို့အား ရန်သူဖြစ်သော်လည်း သေပြီးသည့်နောက် မည်သို့မျှ သဘောမထားပဲ မြေမြှုပ်ပေးလေသည်—

အဖွဲ့ ၅ ထဲရှိ အပျက်အစီးတို့ကို ချက်ချင်းရှင်းပစ်သည်။

တခဏတွင်းမှာပင် အားလုံးရှင်းပြီးခဲ့လေသည်—

ဌာန ၅ အဖွဲ့တွင်း၌ တိုက်ပွဲဖြစ်ခဲ့သည်ဟု မထင်ရအောင် ပင် အေးချမ်းခဲ့လေသည်—

ဌာနမှူး စိတုန်အား ကျောင်ဖုန်ကို အစစအရာရာ တာဝန်လွှဲ ပေး၏။

ကျောင်ဖုန်က သူတို့အဖွဲ့ကို လိုလေသေးမရှိ စီမံဆောင်ရွက်ပြီးသည့်အခါ ကျောင်ခင်ပျောက်နေသည်ကို သတိပြုမိသည်။

ကျောင်ခင် မည်သည့်နေရာ ရောက်ရှိနေပါသလဲ—

မည်သူမျှမသိကြပါ—

ကျောင်ဖုန် စိတ်ပူအားငယ်သည်—

စိတုန့်ထံသို့သတင်းပို့လေသည်—

စိတုန်က

'မပူပါနဲ့လေ၊ ခုချိန်မှာကျောင်မင်ပျောက်နေတာ ကောင်းသလို ဖြစ်နေတယ်—

'ဗျာ'

ကျောင်ဖုန်က အံ့ဩမိလေသည်....

'ကျောင်မင်ပျောက်နေတာ ဘယ်လိုလုပ်ကောင်းနိုင်မှာလဲ'

စိတုန်က



'ရန်သူက သိုင်းကျမ်းအဆောင်ထဲကို ဝင်ခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်...'

'ရန်သူတစ်ယောက် လွတ်ခဲ့ရတယ်မဟုတ်လား...'

'ဟုတ်ပါတယ်—'

'အဲဒီလူ လွတ်မြောက်အောင် ကျန်တဲ့လူတွေက အသေခံ လုပ်ပေးခဲ့တယ်လို့ ကျုပ်သိခဲ့ရတယ်....

ကျောင်ဖုန်က ခေါင်းညိတ်၍—

'ဒါ—အမှန်ပါပဲ'

စိတုန်က—

'ဒါဖြင့် ထွက်ပြေးတဲ့လူဟာ သိုင်းကျမ်းဆောင်ထဲက သူတို့ လိုချင်ရာကို ရခဲ့ပြီပေါ့..

ကျောင်ဖုန်၏မျက်နှာပျက်သွားသည်—

စိတုန်က

'သိုင်းကျွမ်းအဆောင်ကိုစစ်ပြီးပြီလား—

ဟု မေးလေသည်…

ကျောင်ဖုန်က သက်ပြင်းချ၍…

'စစ်ပြီးပါပြီ…

'ဘာတွေထူးသလဲဆိုတာပြောပါ…

'ဟို…

'ကျုပ်တို့အဖွဲ့ရဲ့အထွတ်အမြတ်ထားတဲ့ ခေါင်းကျွမ်းပျောက်ခဲ့ရပြီ မဆွတ်လား—

ကျောင်ဖုန်က

'ဟုတ်…ဟုတ်ပါတယ်…

ဟု ဝန်ခံရလေသည်—

စိတုန်က—

'ရန်သူက အမှတ် ၅၄ ခနကို ထိုးပေးခက်ပြီး ခေါင်းကျွမ်းကို ယူသွားပြီ၊ ကျောင်မင်ထာ သူ့နောက်ကို သဲသဲမဲမဲ လိုက်နေလို့ ပျောက်နေတာပါ၊ ဒါကြောင့် ကျေနပ်ဖို့အကောင်းတယ်လို့ ကျုပ်က ပြောတာပါ—



ယခုမှကျောင်ဖုန်သဘောပေါက်မိလေသည်၊

စိတုန်က—

'အဖွဲ့သားတွေကိုပြောပြထားပါ၊ ခေါင်းကျွမ်း ရန်သူလက်ကို ပါခဲ့ပေမယ့် သူဟာ ခေါင်းကျွမ်းကို ပြန်ယူလာလိမ့်မယ်..

ဟု ပြောသည်…

ကျောင်ဖုန်က…

'ဟုတ်ကဲ့၊ ကျုပ်အခုပဲသွားပြီးကြေငြာပါ့မယ်…

စိတုန်က ခေါင်းညိတ်ပြလိုက်သည်…

ကျောင်ဖုန်က ခေါင်းညိတ်၍—

ထို့နောက် လျင်မြန်စွာထွက်သွားလေသည်…

၀ ၀ ၀

ခွာ၊ ခုံးကျွမ်း ရန်သူဆောက်သို့ ပါသွားသည်ကို သိရသဖြင့် အဖွဲ့ဝင်တို့မှာစိတ်ဓာတ်ကျသွားကြလေသည်။

ရန်သူလက်ချက်ကြောင့် အထိနာခဲ့သည်ဖြစ်၍လဲ တုန့်လှုပ် ချောက်ချားနေကြသည်...

ကျောင်ဖုန်က ကျောင်မင်သည် ထွက်ပြေးသည့် ရန်သူနောက်သို့ လိုက်၍ ရန်သူကိုသုတ်သင်၍ သိုင်းကျမ်းကိုပြန်ယူလာမည်၊ မိုးလင်းသည်နှင့် မိုးကြိုးဂိုဏ်းဌာနချုပ်မှ လက်ရွေးစင်တို့လဲ ရောက်လာကြမည်ဟု အားလုံး စိတ်မပူကြရန် အနားယူရန် ကြေညာတော့မှ အဖွဲ့ဝင်တို့၏ စိုးရိမ်ပူပန်မှုတို့ လျော့၍ ကျေနပ်သွားကြပေသည်...

အမှတ် ၅ ဌာန တစ်ခုလုံးကို မူလအတိုင်း ပြန်လည်၍ အေးချမ်းငြိမ်သက်ရလေအောင် ထိန်းသိမ်းခဲ့နိုင်လေသည်၊

Z X Z



တစ်ရက်...
နှစ်ရက်....
အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွား၏။

အားလုံးက မျှော်လင့် စောင့်စား နေကြသော်လည်း ကျောင်မင်အား ပြန်ရောက်မလာပါချေ။

ကျောင်မင် ပျောက်ချင်းမလှ ပျောက်ဆုံးနေ၏။

သူရောက်မလာသဖြင့် စိတုန်၊ ကျောင်ဖုန်နှင့် မိုးကြိုးဂိုဏ်း သားတို့ စိုးရိမ်ပူပန်လာကြသည်။

ရန်သူနောက် လိုက်သွားသည့် ကျောင်မင်တစ်ဦး ဒုက္ခရောက် သွားပြီလောဟုလည်း ထင်မှတ်မိ၏။

နောက်ဆုံးတွင်

အမှတ် ၅ ဌာနခွဲ၏ ကိစ္စအဝဝကို တာဝန်ယူရသည့် ကျောင် ဖုန်က ကျောင်မင်နောက်သို့ ခြေရာခံလိုက်ဖို့ ဂိုဏ်းသား အချို့ အား စေလွှတ်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့်...

၃ ရက်မြောက်သောနေ့၊ နံနက်ခင်းတွင် လက်နက်ရိ
အပြည့်အစုံဖြင့် မိုးကြိုးဂိုဏ်းသား ၁၀ ဦးအား ကျင်ဖုန်
စေလွှတ်လိုက်သည်။

ဂိုဏ်းသား ၁၀ ဦးသည် မြင်းကိုယ်စီဖြင့် ထွက်သွား
ဟန်ပြင်နေကြစဉ်မှာပင် အဝေးမှ ပြေးလာနေသူတစ်ဦးအ
တွေ့ရသည်။

'လူတစ်ယောက် လာနေတယ်'

ဂိုဏ်းသား တစ်ဦး၏အသံ ထွက်ပေါ်လာသည်။

အားလုံး သတိကြီးစွာ ထား၍ လှမ်းကြည့်လိုက်သည်

အဝေးမှ တွေ့ရသည့် လူရိပ်သည် တစ်စထက်တစ်စနီး
လာ၏။

ကျင်ဖုန်အား
'ကျင်မင်ထင်တယ်'
ဟု ရေရွတ်၏။

မှန်ပေသည်။



ပြေးလာနေသည့်လူရိပ်သည် အမှတ် ၅ ဌာနခွဲ၏ အဝင်ဝ ခြံဝင်းတံခါးမကြီးနှင့်မလှမ်းမကမ်းသို့ရောက်လာသောအခါ ကျင်မင်ဖြစ်သည်ကို တွေ့ရသည်။

ကျင်မင် ပြန်လာပြီဟေ့'

အဖွဲ့သားတို့ဝမ်းသာသွားကြပြီး တစ်ခဲနက်ကြွေးကြော် လိုက်ကြလေသည်။

ကျင်ဖုန်သည် ချက်ချင်းပင် ကျင်မင်အား သွားရောက် ဆီးကြိုလိုက်ပြီးလျှင်

'ကျင်မင် မင်းဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဌာနခွဲမှူး စိတုန်နဲ့အရင် ဆုံးသွားတွေ့ပြီး အကျိုးအကြောင်း ပြောပြတာ ကောင်း မယ်'

ဟု ပြောလိုက်သည်။

ရန်သူဝင်လာပြီး မိုးကြိုးသိုင်းကျမ်းကို ခိုးယူသွားသည်။

ကျင်မင်က ထိုကျမ်းအား ပြန်လည် ရယူနိုင်ခြင်း ရှိမရှိ မသိရသေးပါ။

သူပြန်ရခဲ့လျှင် အကြောင်းမရှိ၊ ပြန်မရခဲ့ပါမူ မတွေးပံ့စရာ ဖြစ်ပေသည်။

ထိုကျမ်း ရန်သူလက်ထဲပါသွားခြင်းကြောင့် ဂုဏ်းချုပ်သည် ဌာနမှူး စိတုန်နှင့်အကူ ဌာနခွဲ ၅ မှ တာဝန်ရှိခေါင်း ဆောင်များအား အပြစ်ပေး အရေးယူလိမ့်မည်ဖြစ်သည်။

ကြီးလေးသည့် အပြစ်ဒဏ်ခံရမည်မှာ သေချာလှ၏။

ထိုသို့ဖြစ်လာလျှင် အဖွဲ့အားတို့သည်လည်း စိတ်ဓာတ်ကျသွားလိမ့်မည် ဖြစ်၏။

ကျင်မင်၏ အခြေအနေ အဆောင်းအဆိုးကို ရှုတ်တရက် အသိပေး၍ မဖြစ်သဖြင့် စိတုန်နှင့် အလျင်ဦးစွာ သွားတွေ့ဖို့ ကျင်ဖုန်က ပြောခြင်းဖြစ်သည်။

သူ၏ သဘောကို အုံ့ဆင်းပါသည့် ကျင်မင်ကလည်းရိပ်မိလိုက်သည်။

ထိုကြောင့်....



'ကောင်းပါပြီ—ဦးရိုးတော်၊ ဆရာနဲ့ ကျွန်တော် သွားတွေ့လိုက်ပါမယ်'

ဟုပြော၍ စိတုန်ရှိနေသည့် သီးသန့်အဆောင်ဆီသို့ထွက်လာခဲ့လေ၏။

Z X Z

စော်စုံနက် ခေါင်းဆောင်သည် အလွန်ဇွဲကြီးသူ တစ်ဦးဖြစ်သည်။

မိုးကြိုးအဖွဲ့ ၅ အတွင်းမှ လွတ်လာပြီးနောက် ပင်လယ်ဆမ်းခြေသို့ ရောက်သည်အထိ ၂ ရက်လောက် မနားမနေပြေးလာခဲ့၏။

ကျင်မင်ကလည်း ထိုလူနောက် သဲကြီးမဲကြီး လိုက်သွား၏။

ဝတ်စုံနက်တို့ အသုံးပြုခဲ့သည့်ခေတ်၊ လက်နက်ပုန်းနှင့်ယမ်း ထုပ်များကို ကြည့်ခြင်းဖြင့် ထောင်ပင်လွယ် ခရေကျွန်းမှလာ သူတို့ ဖြစ်ကြောင်း သူရိပ်မိသည်။

ခရေကျွန်း၌ ထင်ရှားသည့် ခရေရုံကျောင်းရှိသည်။

ထို အဖွဲ့သည် သိုင်းလောကကို အမြဲတမ်း လွှမ်းမိုးနိုင်ရန် ကြံစည်နေသူများ ဖြစ်၏။

သူတို့လက်ထဲ ထိုကျမ်းပေါ်သွားပါက မတွေးဝံ့စရာ ဖြစ်မည်ဟု ကျင်မင် နားလည်မိသည်။

ထို့ကြောင့်လည်း ထိုလူကိုအလွတ်မပေးဘဲ အသည်းအသန် လိုက်နေခြင်းဖြစ်သည်။

ပြေးသူပြေး၊ လိုက်သူလိုက်နှင့် ၂ ရက်လောက် မရပ်မနား ပြေးသွားပြီး ညဉ့်နက်ချိန်မှ ပင်လယ် အမ်းစပ်သို့ ရောက်ရှိလာခဲ့ကြလေသည်။

ထိုလူသည် လှိုင်းတံပိုးတို့ ထနေသော ပင်လယ်ပြင်အား တွေ့ရသည်နှင့် အားပါးတရ ပြုံးသည်။



ကျွန်းသားတို့အတွက် ပင်လယ်ပြင်သည် မိတ်ဆွေရင်းချာ ပမာ ရှိနေသည်။

ပင်လယ်ပြင်အား တွေ့ရသည်နှင့် မိမိ လွတ်မြောက်ဖို့ လက်တစ်ကမ်းမျှသာ ဆိုကြောင်း ဝတ်စုံနက်တွေးမိသည်။

သူ၏နောက်မှ ကျင်မင် လိုက်လာသည်ကို သူသိထား၏။

ရေထဲ ခုန်ဆင်းလျှင်ဖြင့် ကျင်မင်၏ အန္တရာယ်မှ လွတ်သွားလိမ့်မည် ဖြစ်၏။

သူသည် ရေကူး အလွန်ကျွမ်းကျင်သူ ဖြစ်သည်။

ကျွန်းအထိ သွားစရာ မလိုပါ။

ပင်လယ်၏ တစ်နေရာ၌ သူတို့ပြန်လာမည့် အချိန်ကိုစောင့်နေမည့် ရွက်လှေတစ်စင်း ရှိသည်။

သူသည် ခုန်ဆင်းရန် ဟန်ပြင်သည်။

ထိုစဉ်…
'မပြေးနဲ့'
အော်ငေါက်သံ ထွက်လာ၏။

အဝေးမှ လူတစ်ဦး ပြေးလာနေသည်ကို တွေ့ရ၏။

မျက လှည့်ကြည့်သည်။

ကျောင်မင်လိုက်လာနေပြီဖြစ်ကြောင်း တွေ့ရလျှင် မဲ့ပြုံးပြုံး လိုက်သည်။

'မင်းလိုက်လို့ မမီတော့ပါဘူး'
သူက နှုန်းဆင်းရန် ပြင်သည်။
သို့သော်....

သူ၏ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားသည်။

သူ၏ မျက်လုံးထဲ၌ လဲကျသွားသည့် လူလူ နှစ်ဦးကိုမြင် ယောင်လာ၏။

သူတို့ ထွက်ပြေး လွတ်မြောက်ရန် အချိန်ပိုင်းအလို အုတ် တံတိုင်းအနီး ရောက်နေပြီးမှ ကျောင်မင်ရောက်လာ၍ တိုက်ခိုက် ခဲ့သဖြင့် သူ၏ လူနှစ်ဦး မရှုမလှ သေဆုံးခဲ့ရသည် မဟုတ်ပါ လား။



ကျောင့်မင်သာ ရောက်မလာလျှင် ထိုလူနှစ်ဦးက သူနှင့်အတူ ပါလာမည်မှာ သေချာသည်။

'မင်းက ဒီထိ လိုက်လာသေးတာကိုး၊ ငါ့လူတွေ မင်းရဲ့ လက်ချက်နဲ့ သေရတာ ငါ ကျေနပ်မယ် ထင်နေသလား၊ မင်းဓားပညာ တော့ ချီးကျူးစရာပါပဲ၊ ဒါပေမယ့် ငါ့ဓား ပညာကိုတော့ အထင်သေးလို့မရဘူးဆိုတာ မင်းသိစေချင်တယ်'

ဟု စိတ်ထဲမှ ကြုံးဝါးသည်။

ရေထဲခုန်ချသွားမည်ဆိုလျှင် ကျောင်မင် ဘယ်နည်းနှင့်မျှ မီ နိုင်မည် မဟုတ်ပါချေ။

သို့သော်

သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူထွက်မပြေးတော့ပါ။

ခိုးယူလာသည့် ကျမ်းကို ထုတ်ယူ၍ ရေလုံအိတ်တစ်လုံး၌ ထည့်ကာ ချည်နှောင်လိုက်၏။

တစ်ဖန်
'သွား၊စမ်း'
ဟု အော်ပြော၍ လွှင့်ပစ်လိုက်၏။

ကျမ်း၊ထည့်ထား၊သောအိတ်သည် အဝေးသို့ လွှင့်သွား၊ပြီး

'ပလုံ'
ရေထဲကျသွား၊သည်။
ထို့နောက် ရေစီးနှင့်အတူ ပါသွား၏။

ဝတ်စုံနက်သည် မျောပါသွား၊သည့် အိတ်ကိုကြည့်၍ ကျေနပ်သွား၏။

သူတို့အား၊ စောင့်မျှော်နေကြသူများ၊သည် ထိုအိတ်ကိုတွေ့ရှိသွား၊ကြလိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်မိ၏။

မိုးကြိုး၊ဓား၊ကျမ်း၊ကို ခရေကျွန်း၊သို့ အရောက် ပို့နိုင်ဖို့မှာ သူ၏ အဆုံး၊စွန်သော တာဝန်ဖြစ်သည်။

ထိုကျမ်း၊အား၊ ပို့ပေး၊နိုင်လျှင် တာဝန်ကျေသွား၊မည် ဖြစ်ပေသည်။



သူသည် မြင်ကွင်း၊မှ ပျောက်ကွယ်သွား၊သော ရေလုံ့အိတ်လေး၊ကို ကြည့်ရင်း၊ ကျေနပ်သွား၏။

'ငါ့တာဝန်ကျေပြီ ဒီတော့…'
သူက ကျောင်းမင်ထက် ပြန်လှည့်၏။
ထိုအချိန်တွင်—

ကျောင်းမင်သည် သူနှင့် ဆယ်ပေအကွာသို့ ပင် ရောက်ရှိလာပြီဖြစ်သည်ကို တွေ့ရ၏။

လှိုင်ဂေဟ
အမှတ် ၁၅/၁၃၀၊ မြောက်
ဒဂုံ ရန်ကုန်မြို့
ဖုန်း ၂၁၇၅၅

ကျောင်းမင်နှင့် ဝတ်စုံနက်တို့ မျက်နှာချင်း၊ ဆိုင်မိလိုက်သည်။

'ဩမ်း'

စတိစိုနက်သည် ပုံစံထူးခြားသည့် သူ၏ခေါင်းကိုဆွဲထုတ်၏၊

ကျော်မင်ကလည်း ခေါင်းထုတ်ပြီးသား ဖြစ်သည်။

သူ၏ လက်ထဲ၌ ခေါင်းကို ဖြစ်သလို ကိုင်ထား၏။

ရုတ်တရက်ဆိုလျှင် သူသည် တိုက်ပွဲဝင်ရန် အဆင့်မဖြစ်သေးဟု ထင်ရသော်လည်း မထင်မှတ်သည့် အချိန်တွင် မယုံနိုင်အောင် သွက်လက်ခြင်းဖြင့် ပြန်လည် တိုက်ခိုက်တတ်သည်ကို ထိုလူ ယုံကြည်မိ၏။

သူက
'ခင်ဗျား ရေထဲမျောလိုက်တယ် ဟုတ်လား'
ဟု မေးသည်။

ထိုလူက
'ဟုတ်တယ်'
သူက

'ခင်ဗျားဟာ ရေကူးကျွမ်းတယ်ဆိုတာ ကျုပ်ရိပ်မိတယ်၊ ဘာလို့ ခင်ဗျားပါ ရေထဲ ခုန်မဆင်းတာလဲ'

ထိုလူ၏မျက်လုံးအစုံ အရောင်တဖိတ်ဖိတ်တောက်လာ၏၊



'မင်းမဆိုးဘူး၊ ပင်လယ်ဓားမြခြေကို ပြေးလာမှတော့ ဒီနေရာရောက်ရင် လွတ်ပြီပေါ့၊ ကျုပ် ရေထဲ ရောက်သွားရင် မင်းအတွက် ငါးဖမ်းရတာအမှ လွယ်လိမ့်မယ်၊ကျုပ်ကိုဖမ်းဖို့ မလွယ်ဘူး'

ကျော်မင်က...

'ကျုပ်ယုံပါတယ်၊ ခင်ဗျား လွတ်လျက်နဲ့ ဘာလို့ မပြေးတာလဲဆိုတာ သိချင်လို့ပါ'

ထိုလူက

'ကျုပ်တို့ ခရေကျွန်းက ခေါင်းပညာ ဘယ်လောက်စွမ်းလဲဆိုတာ မင်းသိစေချင်လို့ပေါ့'

သူ ပြုံးလိုက်သည်။

ထိုလူသည် ခရေကျွန်းမှ ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ရမည်ဟု နားလည်၏။

ထိုအပြင်

မိုးကြိုးအဖွဲ့မှ ခေါင်းပညာနှင့် သူတို့ ခေါင်းပညာ မည်သူသာသည်ကို သိလိုသောဆန္ဒ ပြင်းပြနေသူ ဖြစ်ကြောင်းလည်း ရိပ်မိ၏။

ကျော်မင် သက်ပြင်းချသည်။

'ခရေကျွန်းရဲ့ ဓားပညာက ပြိုင်စံရှားတယ် ဆိုတာကို သိုင်းလောကတစ်ခုလုံးက လက်ခံထားကြတယ်၊ လေးစားမှု လဲရှိကြပါတယ်၊ ဒါပေမယ့် ခရေကျွန်းကတော့ ဓားပညာနဲ့ ပတ်သက်လာရင် ဘယ်သူမှ မမီဘူးလို့ တစ်ယူသန် စွဲနေတာ တော့ မကောင်းပါဘူးဗျာ၊ ကိုယ့်ပညာကို အထင်ကြီးပြီး သူ တစ်ပါးပညာကို အထင်သေးသလို ဖြစ်နေတယ်မဟုတ်လား'

ထိုလူက

'မင်းတို့ ပြည်မ သိုင်းလောကရဲ့ ဓားပညာဟာ ဘယ် လောက် အထင်ကြီးစရာ ရှိလို့လဲ'

ကျော်မင်က

'ခင်ဗျားတို့က အထင်သေးပြီး သိုင်းလောကက ဓား သမား အကျော်အမော်တွေကို လာလာစိန်ခေါ်ကြတယ်၊ နိုင် တဲ့အခါလဲရှိသလို ရှုံးတဲ့အခါလဲ ရှိတယ်၊ ဘာဖြစ်ဖြစ်စိတ် ကြည့်ရင် ခင်ဗျားတို့ဘက်က အရှုံးများနေတာ တွေ့ရပ လိမ့်မယ်'



'မင်း'

ထိုလူ မကျေမနပ် ဖြစ်သွား၏။
သို့တိုင်....

ကျော်မင်၏ စကား မှန်ကန်နေသဖြင့် မည်သို့ ပြောရမှန်း မသိ ဖြစ်သွားသည်။

ကျော်မင် ဆက်ပြောသည်။

'အခုလဲ မိုးကြိုးစိုးထီးရဲ့ ဓားပညာဟာ ပြိုင်ဖက်ကင်း တယ်လို့ တစ်စတက်တစ်စ သတင်းကြီးလာတော့ ခင်ဗျားတို့ မနာလို မရှုစိမ့်အောင် ဖြစ်လာပြီး ဘယ်လို ပညာမျိုးလဲ ဆို တာ သိချင်လို့ ဓားကျမ်းကို လာခိုးယူကြတာ မဟုတ်လား'

ထိုလူက

'ခရေကျွန်းပိုင်ရှင်က ပြည်မမှာကျော်ကြားတဲ့ ဓားပညာ ရှင်တွေကို လော့လာပြီး ခရေကျွန်း ပညာက ပိုသာတယ်ဆို တာ လှုပ်တွေ့ပြဖို့ စီစဉ်ဆောင်ရွက်နေတာ ကျုပ်ကတော့ မင်းတို့ ဂိုဏ်းရဲ့ ဓားပညာကို လုံးဝ အထင်မကြီးဘူးဆိုတာ မှတ်ထားပါ'

ကျင်မင်က

'ကောင်းပြီလေ၊ ခင်ဗျား၊ အထင်မကြီးဘူးဆိုရင်လဲ ကျ
တို့ရဲ့ မိုးကြိုးဓားပညာကို လေ့လာကြည့်ပေါ့ဗျာ'

'စိတ်ချ—မင်းသွား သတိထားပေါ'

စကားဆုံးလျှင် ဆိုလူသည် ဓားကို တစီစီ မြည်အော
ဝှေ့ယမ်း၍ စတင် တိုက်လေ၏။

ကျင်မင်ကလည်း ပြန်လည် တိုက်လေသည်။

Z Z Z



အဆောင်ကလေးအတွင်း၌ တိတ်ဆိတ် ငြိမ်သက်နေ၏။

ဖွင့်ထားသည့် ပြတင်းပေါက်များမှ တစ်ဆင့် ဖျော့ပြည်
ဖျော့ဖြူသန်းဝင်ရောက်လာသောအခါ မွှေးကြိုင်ဆင်း
ပျံ့သည့် ပန်းရနံ့များ ပါလာ၏။

အဆောင်အတွင်း၌ အေးချမ်း မွှေးကြိုင် နေသော်လည်း
ကျင်မင်မှာ ကြည်နူးမှုမရှိသည့်အပြင် စိတ်အိုက်နေပါ၏။

သူ့ရှေ့တွင် ထိုင်နေသော ဆရာဖြစ်သူ စိတုန်အားမကြည့်
ဝံ့ဘဲ ခေါင်းငုံ့ထားသည်။

စိတုန်က

'မင်းတို့ နှစ်ဦး ယှဉ်ပြိုင်တိုက်ခဲ့ကြတယ်၊ နောက်ဆုံး ခင်း
အနိုင်ရလိုက်တယ်ဆိုပါတော့ ဟုတ်ရဲ့လား'

ကျင်မင်က

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်က သူ့ကို သုံးသောင်းပြင်
မှာ ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့ပါတယ်၊ ဒါကိုလက်ရ

ပမ်းခေါ်လာဖို့ဆိုတာ ဘတ်နည်းနဲ့မှ မဖြစ်နိုင်ခဲ့ပါဘူး၊ ပြ
တော့ ရှုယူသွားတဲ့ ကျွမ်းကို ပြန်ယူမလာနိုင်တဲ့အတွက်ကျ
တော်ကို အပြစ်ပေးပါဆရာ'

ပြောရင်း သဲသော့ငပြင်ပေါ် တအိအိ ပြိုလဲကျ၍ သေ
ဆုံးသွားခဲ့သည့် ဝတ်စုံနက်၏ ဖြစ်အင်ကို မြင်ယောင်မိသည်၊

သူက လွယ်ကူစွာ အနိုင်ရခဲ့ခြင်းမဟုတ်ဘဲ သူ့နိုင်ကိုယ်နိုင်
ပြင်းပြင်းထန်ထန် ယှဉ်ခဲ့ရပြီး နောက်ဆုံးမှ ဓါးတစ်ကွက်
အသာဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဝတ်စုံနက်သည် ရန်သူပင်ဖြစ်သော်ငြားလည်း ဓါးသမား
ကောင်း တစ်ဦးဖြစ်ကြောင်း ကျင်မင် ကောင်းစွာ နားလည်
သဘောပေါက်ခဲ့ရပေသည်။

စိတုန်က
'ကျင်မင် မင်းကို ငါ အပြစ်မယူဘူး ဆိုရင်ရော'
'ဗျာ'

မမျှော်လင့်သော စကားကြားရသဖြင့် ကျင်မင် ကြောင်
အမ်းအမ်း ဖြစ်သွား၏။



စိတုန်က တည်ကြည်သောမျက်နှာထားဖြင့်—

'ခရေကျွန်းကလူတွေဟာ တခြားသိုင်းကျမ်း တစ်ခုခုကို
ယူသွားရင် ငါကစိတ်ပူနေရဦးမယ်၊ မိုးကြိုးဓါးကျမ်းကိုမှ
ရွေးပြီးယူသွားတာဆိုတော့ စိတ်ပူစရာမလိုတော့ဘူးပေါ့'

ဟု ပြောလေသည်။

ကျင်မင်ပိုပြီးအံ့ဩသွားသည်။

စိတုန်ကိုလည်း နားမလည်နိုင်စွာကြည့်လိုက်သည်။

စိတုန်ပြုံးလိုက်သည်။

'တစ်ချိန်က တို့ရဲ့ဌာနကို လူတစ်ယောက် ကျူးကျော်ဝင်
လာပြီး ဓါးသိုင်းကျမ်းကို ခိုးယူသွားခဲ့ဘူးတယ်လို့ မင်းကို
ငါပြောပြသေးတယ်မဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

'အေး သည်ကိစ္စဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ဂိုဏ်းချုပ်
ကြီးဟာ ဌာနတွေမှာ ဖြန့်ဝေထားတဲ့ မိုးကြိုးဓါးကျမ်းတွေ

အားလုံးကို ပြန်ပြီးသိမ်းယူလိုက်တယ်၊ ဓားကျွမ်းအစစ်နေရာမှာ အတုကိုအစားထိုးထားဖို့ ခေါင်းဆောင်တွေကို လျှို့ဝှက်အမိန့်ထုတ်ခဲ့တယ်၊ သည်လျှို့ဝှက်ချက်ကို ဘယ်သူမှမသိစေရဘူးလို့ အမိန့်ထုတ်ခဲ့တယ်'

ကျော်မင်ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဒါဆိုရင် သူတို့ခိုးယူသွားတဲ့ဓားကျွမ်းဟာ အတုဖြစ်နေတာပေါ့ ဟုတ်လားဆရာ'

'ဒါပေါ့၊ တကယ့် ဓားကျွမ်းအစစ်ဟာ ဂိုဏ်းချုပ်ရဲ့ လက်ထဲမှာတစ်ခု၊ တစ်ချိန်က ခိုးယူသွားတဲ့ လူထူးလူဆန်း စောရှဲ့လက်ထဲမှာတစ်ခု ဒါပဲရှိတော့တယ်'

ကျော်မင်က ယခုမှ သက်ပြင်းချနိုင်လေသည်။

စိတုန်က—

'မင်းတို့ ဓားကျွမ်းကိုပြန်ယူလာနိုင်တယ်လို့သာ သတင်းလွှင့်လိုက်ပါ၊ ငါ့ဆီမှာ အဆင်သင့်ရှိနေတဲ့ ဓားကျွမ်းအတု



တစ်ခုနဲ့ အစားထိုးလိုက်မယ်၊ သည်ကိစ္စဘယ်သူမှမသိအောင် တော့ စောင့်ထိန်းရလိမ့်မယ်'

ကျော်မင် ဦးညွှတ်လိုက်သည်။

'ကျွန်တော်ကတိပေးပါတယ်၊ ဆရာရဲ့ကျေးဇူး ကြီးမားလှပါတယ်'

စိတုန်ပြုံးလိုက်သည်။

'ကိစ္စမရှိဘူး၊ မင်းလဲပင်ပန်းနေပြီ သွားပြီးအနားယူလိုက်ဦး၊ မင်းခရီးထွက်မယ်ဆိုရင်လဲမနက်ဖြန်မှသွားပေါ့၊ ငါ့ကိုလာပြီးနှုတ်ဆက်စရာတောင်မလိုတော့ဘူး၊ မင်းကိုငါ ခွင့်ပြုပြီးပြီ၊ မင်းသွားရင်းနဲ့သာ လူထူးလူဆန်း စောရှဲ့အကြောင်း စုံစမ်းပါ'

'စိတ်ချပါဆရာ၊ ကျွန်တော်အစွမ်းကုန်ကြိုးစားဆောင်ရွက်ပါ့မယ်'

'အေး သွားပေတော့'

ကျော်မင်သည် စိတုန်အားဂါရဝပြုပြီး ထွက်ခဲ့၏

ယခု…

စိတ်ထဲကြည်လင်သွားပြီဖြစ်၏။

သူ၏ ခြေလှမ်းများသည် ပေါ့ပါး၊ သွက်လက် နေပေ

သည်။

x x x



ဂိစ္စန်းကျင် သဘာဝအလှအပများကို

အေးအေးဆေးဆေး ခရီးနှင်ခဲ့၍ မိုး

ရောက်ရှိသွားလေသည်။

ထူးဆန်း။

ကောင်းကင်တစ်ခုလုံး ကြည်ပြာ

တိမ်ဖြူအချို့သည် လေနှင့်အတူ လွင့်မျော၊

ငှက်ကလေးများသည် အသံစာစာပေးကာ ပျံ

ကြလေသည်။

အရာရာသည် လွတ်လပ်ပျော်ရွှင်ပြီး သာယာလှပနေသည်။

ကျောင်းမင်းသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ကာ

ကြည်လင်သောမျက်နှာထားဖြင့်ရှိလေသည်။

ခနမှ ထွက်လာ

ယခု—

စိတ်ထဲကြည်လင်သွားပြီဖြစ်၏။ ကဲ်ပြန်လာခဲ့ပြီဖြစ်

သူ၏ ခြေလှမ်းများသည် ပေ

အည်။

ပေါ်ပေါက်လာနိုင်

၂အောင်ဆောင်ရွက်ပေး

၂၁း ကျေကျေနပ်နပ်ပင် ခွင့်ပေး

သားသားများကဲ့သို့ ရက်ပိုင်းလပိုင်းမျှ ခွင့်ရခဲ့

တ်ပါ။

ကျောင်မင်အား တစ်နှစ်တိတိခွင့်ပေးလိုက်ခြင်းဖြစ်သည်။

ထိုသို့ ခွင့်ပြုလိုက်သည့်အကြောင်းမှာလူထူးလူဆန်းစောရ၏သတင်းကို စုံစမ်းစေလိုခြင်းကြောင့်ဖြစ်ကြောင်း ကျောင်မင်နားလည်သွားသည်။



ကျောင်မင်သည် ပတ်စွန်းကျောင် သဘာဝအလှအပများကို ငေးမောခံစားကာ အေးအေးဆေးဆေး ခရီးနှင်ခဲ့၍ မိုးချုပ်တော့မှ စုအိမ်သို့ ရောက်ရှိသွားလေသည်။

၀ ၀ ၀

စုအိမ်မြို့သည် မြို့ငယ်လေးတစ်မြို့ဖြစ်ပါသည်။

ထို့ကြောင့်—

မိုးချုပ်သည်နှင့် လမ်းပေါ်၌ လူရှင်းသွား၏။

အချို့သောတောမြို့လေးများသည် စောစောအိပ်ရာဝင်ပြီး စောစောထတတ်ကြသည် မဟုတ်လား။

ကျောင်မင်သည် တည်းခိုခန်းတစ်ခုအား အံမြန်ဆုံးရှာဖွေကာ အခန်းငှားရမ်းလိုက်သည်။

စားသောက်ဖွယ်ရာများ ရနိုင်မရနိုင် မေးမြန်းလိုက်သော အခါ တည်းခိုခန်းသက်သက်ဖြစ်၍ စားသောက်ဖွယ်ရာ မရ နိုင်ကြောင်း သိရလေသည်။

ဆိုင်ရှင်က—

'မင်း ဗိုက်ဆာနေတယ်ဆိုရင် အနောက်ဘက် လမ်းမှာ စားသောက်ဆိုင်တစ်ဆိုင်ရှိသေးတယ်၊ ခုနေသွားရင်မီဦးမယ် မြန်မြန်သွားပါ'

ဟု စားသောက်ဆိုင်တစ်ဆိုင် ရှိသည့်နေရာကို ညွှန်ပြပေး လေသည်။

ကျော်မင်က ကျေးဇူးတင်စကားပြောကာ ထွက်လာခဲ့ လေသည်။

ဆိုင်ရှင်ညွှန်ပြသည့်အတိုင်းလိုက်သွားရာ မီးလင်းနေသော စားသောက်ဆိုင်လေးကို တွေ့ရလေသည်။

ကျော်မင်သည် ခပ်သွက်သွက်လှမ်းသွားကာ ဆိုင်ထဲသို့လှမ်း ဝင်လိုက်လေသည်။



ဆိုင်ထဲ၌ စားသောက်နေသူ ဆယ်ယောက်ခန့်ရှိနေကြပါ သေး၏။

လူသန်ကြီးနှစ်ယောက်က စားပွဲတစ်လုံး၌ထိုင်ကာအရက် သောက်နေကြသည်။

နှစ်ယောက်သား ရယ်မောလိုက် ငြင်းခုံလိုက်ဖြင့် ဆူဆူညံ လျက်ရှိနေ၏။

ထိုလူသန်ကြီးနှစ်ယောက်၏ ဝဲဘက်တွင်မီးခိုးရောင် ဝတ် ထားသော အဘိုးအိုတစ်ယောက်ထိုင်ကာစားသောက်နေ၏။

ကျော်မင်ကဆိုင်ထဲဝင်လိုက်သောအခါ ဆိုင်ရှင်အရောင်းရ ငွေများကို ရေတွက်နေရာမှ လှမ်းကြည့်လေသည်။

ကျော်မင်က ပြုံးပြလိုက်ပြီး —

'စားစရာတစ်ခုခုများ ရနိုင်မလားဗျာ'

ဟု မေးလိုက်လေသည်။

ဆိုင်ရှင်က—

'ဆိုင်ပိုတ်တော့မယ်၊ မပ်းအတွက် သီးဆန့်ကြွေ်လျှ မပေးနိုင်တော့ဘူး၊ ကြွေ်ပြီးသား ခေါက်ဆွဲတစ်ပန်းကန် တယ်၊ အေးတော့အေးနေပြီ မင်းစားမလား'

ဟု ပြန်မေးလာသည်။

ကျော်မင် မတတ်သာသဖြင့်—

'ကောင်းပါပြီ၊ အဲသည်ခေါက်ဆွဲပဲယူခဲ့ပါဗျာ'

ဟု ပြောလိုက်လေသည်။

ဆိုင်ရှင်မှာ အလကားဖြစ်တော့မည့် ခေါက်ဆွဲတစ်ပွဲမှ မှာ ငွေရတော့မည်ဖြစ်၍ ကျေနပ်သွားပြီး ချက်ချင်းယူပေး လိုက်သည်။

ကျော်မင်သည်၊ ဗိုက်ဆာနေပြီဖြစ်၍ ခပ်သွက်သွက်ပင်စား လိုက်ရာ ခေါက်ဆွဲပန်းကန်မှာ ပြောင်သွားလေတော့သည်၊

ကျော်မင်က ခေါက်ဆွဲဖိုးကျသင့်ငွေကိုထုတ်ကာ စားပွဲပေါ် တင်ထားပြီး၊ ထိုင်ရာမှ ထရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်—



'ဟေ့ ငါ့အတွက် အရက်တစ်အိုးပေးဦး'

မိုးခိုးရောင်ဝတ် အဘိုးအိုတစ်ဦး၏အသံ ထွက်ပေါ်လာသည်။

ဆိုင်ရှင်က—

'အဘိုးကြီး ခင်ဗျား အရက်တောင်းတာက ဟုတ်ပါပြီ၊ ခင်ဗျားမှာတဲ့အရက်က အကောင်းစားအရက်ဗျ ဈေးကြီး တယ်၊ ခင်ဗျားမှာ ပေးစရာငွေရော ရှိလို့လား'

ဟု အသင်ဆေးသောလေသံဖြင့် မေးလာသည်။

အဘိုးအိုက—

'ငွေဟုတ်လား'

ဟုပြောကာ အိတ်လေးတစ်လုံးကို နှိုက်ယူလိုက်၏။

ထိုအိတ်ကလေးအား စားပွဲပေါ် သွန်ချလိုက်သောအခါ ငွေများအားသိမ်လိုက်ထွက်ကျလာသည်ကို တွေ့မြင်ရလေသည်။

ငွေအများအပြားရှိနေသဖြင့် ဆိုင်ရှင်ကျေနပ်သွားသလို အခြားစားသောက်နေသူများလည်း စိတ်ဝင်စားသွားကြ လေသည်။

အထူးသဖြင့်—

လူသန်ကြီးနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်လာလေ၏၊

ဆိုင်ရှင်က—

'ခင်ဗျားက ငွေပေးမယ်ဆိုရင်တော့ မရစရာအကြောင်း မရှိပါဘူး'

ဟု ပြောကာ အရက်တစ်အိုး လာချပေးလိုက်လေသည်။

လူသန်ကြီးနှစ်ယောက်က ထိုင်ရာမှ ထလိုက်လေသည်။

အဘိုးအိုထံသို့ လှမ်းသွားလိုက်ပြီး....

'ခင်ဗျား ငွေတော်တော်ပေါပါလား'

ဟု တစ်ယောက်က ပြောလိုက်၏။

ကျန်တစ်ယောက်က—

'ခင်ဗျားကိုကြည့်ရတာ ချမ်းသာပုံမရဘူး၊ သည်ငွေတွေဘယ်ကရသလဲ ပြောစမ်း'

ဟု ဟောက်လိုက်သည်။



အဘိုးအို မျက်လုံးပြူးသွား၏။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာတွေလာပြောနေတာလဲ'

လူသန်ကြီးတစ်ယောက်က—

'အဘိုးကြီး သည်ငွေတွေဘယ်ကရသလဲဆိုတာပြောစမ်း'

ဟု ထပ်မံဟောက်လိုက်ပြီး—

'ခင်ဗျားကိုမှသက်သာဘူး၊ မြို့ဝန်ဆီခေါ်သွားပြီး စစ်ဆေးရမယ်'

အခြားလူသန်ကြီးက—

'မလုပ်ပါနဲ့ကွာ အသက်ကြီးမှဒုက္ခမရောက်စေချင်ပါဘူး၊ ကဲ ကဲ ခင်ဗျား အေးအေးဆေးဆေးနေပါ၊ ခင်ဗျားရဲ့ငွေတွေကိုတော့ ကျုပ်တို့ သိမ်းသွားရလိမ့်မယ်'

ဟု ပြောလေသည်။

ထိုလူသန်ကြီးနှစ်ယောက်သည် အဘိုးအိုအစားတမင်သက်သက် အနိုင်ကျင့်နေခြင်းဖြစ်ကြောင်းကျောင်းမင်းလသောပေါက်လိုက်သည်။

ထိုကြောင့်....

'ဓဟာ့လူတွေ ခင်ဗျားတို့ မတရားမလုပ်နဲ့'

ဟု ဝင်ပြောလိုက်မိသည်။

လူသန်ကြီး နှစ်ယောက်သည် ကျောင်မင်အား မကျေမနပ်လှည့်ကြည့်လာလေသည်။

တစ်ယောက်က....

'ဟော့ကောင် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်နဲ့၊ အေးအေးဆေးဆေး ထွက်သွားစမ်း'

ဟု ဝေါက်လိုက်သည်။

ကျောင်မင်က....

'ခင်ဗျားတို့မတရားလုပ်တာကို ကျုပ်က လက်ပိုက်ကြည့်နေရမှာလား'

လူသန်ကြီးတစ်ယောက်က အဘိုးအိုၡ၏ငွေများကိုကောက်ယူလိုက်သည်။



အဘိုးအိုက—

'ဟေ့ ဒါဘာလုပ်တာလဲ'

ငွေလုယူလိုက်သောလူသန်ကြီးအား—

'ခင်ဗျား သေသွားချင်သလား'

ဟု ဝေါက်လိုက်သည်။

လူသန်ကြီးတစ်ယောက်က ကျောင်မင့်ကိုရင်ဆိုင်ထား၏။

ကျောင်မင် မနေနိုင်တော့ပါချေ။

'သူများပိုက်ဆံ ပြန်ပေးလိုက်ပါ'

ဟု ပြောအား ရှေ့တိုးလာသည်။

လူသန်ကြီးနှစ်ယောက် ခေါသထွက်သွား၏။

'ခွေးကောင် သေချင်နေတာကို၊'

'သိကြသေးတာပေါ့'

စားသောက်ဆိုင်အတွင်း၌ တိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေသည်။

ဆိုင်ရှင်က—

'ဟော့....ဟော့ ရန်မဖြစ်ကြနဲ့'

ဟု အော်ပြောလိုက်သော်လည်း ရှေ့တိုးမလာဘဲနေရာ၌ ရပ်သွားလေသည်၊

အခြားသောစားသောက်နေကြသူများအား ထွက်ပြေးသွားကြလေသည်။

အဘိုးအိုက·

'ငါ့ငွေတွေပြန်ပေး'

ဟု အော်ပြောနေ၏၊

လူသန်ကြီးနှစ်ယောက်က ဗလအားကိုးဖြင့် တိုက်ခိုက်ကြလေသည်၊ ကျော်မင်းက သိုင်းပညာထုတ်ဖော်လိုက်သောအခါ

'ရှန်၊
'အား'

နားရှက်ကျယ်လောင်သောအသံများ ပေါ်လာသည်၊

လူသန်ကြီးနှစ်ယောက်မှာ၊ အဝေးသို့ လွင့်စဉ်သွားကြလေသည်။



ကျော်မင်းက ငွေအိတ်ကို ကောက်ယူကာ....

'ဘဘရဲ့ငွေအိတ်ပြန်ယူပါဗျာ'

ဟု ပြောလိုက်လေသည်၊

အဘိုးအိုက....
'မင်းတော်တော်ရှည်တာပဲ'
'ဗျာ'

'မင်းပြန်ယူပေးမှ ငါ့ငွေပြန်ရမယ်ထင်နေသလား'

ကျော်မင်း မကျေမနပ်ဖြစ်သွားသည်၊

အဘိုးအိုက....
'ငါ့ရှေ့ကဖယ်စမ်း'

ကျော်မင်းကို တွန်းထိုးဖယ်ရှားကာ ဆိုင်ပြင်သို့ ထွက်သွားလေသည်၊

* * *

ညဥ့်နက်ပြီဖြစ်သည်။

လမ်းပေါ်တွင် လူရှင်းနေသည်။

ဆမ်းဘောရှိအိမ်များအား တံခါးပိတ် မီးမှိတ်ထား...
ဖြစ်သည်။

ကျော်မှင်သည် စားသောက်ဆိုင်မှထွက်လာ၍ တည်းခိုခန်း...
သို့ ပြန်လာခဲ့လေသည်။

ကျော်မင် မချမ်းမြေ့ဖြစ်နေပါသည်။

'သည်အဘိုးကြီး တော်တော်ဆိုးတယ်၊ ငါ့အလုပ်ကို...
ကူညီရအောင်တယ်၊ ငါ့ကိုလဲ့ အော်ငေါက် သွားသေးတယ်...
ကျေးဇူးတင်ကြောင်းတောင် ပြောမသွားဘူး'

အဘိုးအိုအား ကူညီရသည်မှာ အကြောင်းမဟုတ်ပါ၊

လူသန်ကြီးနှစ်ယောက်အား ဆုံးမလိုက်ရသည်မှာလည်း...
ပင်ပန်းသောအလုပ်မဟုတ်ပါ။

ကျော်မင်အကြီးအကျယ်စိတ်ခုတ်ကျခဲ့သည်မှာ အဘိုး...
၏ ငွေအိတ်ကလေးကိုပြန်ရခဲ့သော်လည်း သူ၏ငွေအိတ်က...
ပျောက်ဆုံးသွားခဲ့ရသည်။



ဆိုင်ရှင်အား စားသောက်ခကျသင့်ငွေကိုမပေးတောင်းဘဲနှင့်ကို
အမြန်ဆုံး ထွက်သွားခိုင်းလေသည်။

ထို့ကြောင့်–

ကျော်မင်သည် ငွေအိတ်ကလေး ပျောက်ဆုံးသွားသော်
လည်း ကံကောင်းသည်ဟုဆိုနိုင်ပါသည်။

မည်သို့ဆိုစေ—

သူ့တွင် တစ်ပြားမှ မရှိတော့ပါ။

'တည်းခိုခန်းခ ကြိုရှင်းပေးထားလို့တော်ပါသေးရဲ့'

ကျော်မင်သည် ထွေထွေထူးထူးမဲ့သော စိမ်းအတိုင်း တည်းခို
ခန်းရှိရာသို့ ဦးတည်လျှောက်လာခဲ့ရာ တစ်နေရာသို့အရောက်
တွင်—

'ဖတ်'

အသံတစ်ချက်ထွက်ပေါ်လာသည်။

အထုပ်ကလေးတစ်ထုပ်သည် မြေခင်ရိုပ်ထဲမှ သူ့ရှေ့သို့
ကျလာလေသည်။

ကျော်မင်ရင်ထိတ်သွား၏။

အပျော်ကသာ ခြေလှမ်းရပ်ကာ လှမ်းကြည့် လိုက်သော အခါ သူ၏ငွေအိတ်ကလေးဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ကျော်မင် ကြောင်အမ်းအမ်းဖြစ်နေသည်။

'ဒါဘယ်လိုဖြစ်တာလဲ၊ ပျောက်သွားတဲ့ ငါ့ရဲ့ငွေအိတ် ကလေးကို ဘယ်လိုလုပ်ပြီး သည်နေရာရောက်လာတာလဲ'

ငွေအိတ်ကလေးကို ကောက်ယူပြီး စစ်ဆေးကြည့်သော အခါ တစ်ပြားတစ်ချပ်မှမလျော့ပဲ မူလအတိုင်းရှိနေသည်ကို တွေ့မြင်ရလေသည်။

ကျော်မင် အမှောင်ရိပ်ထဲဝေ့ကြည့်လိုက်ပြီး…

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

မှောင်ရိပ်ထဲမှ ရယ်မောသံထွက်လာ၏။

'သူများကိုကူညီဖို့ချည်းပဲ စဉ်းစားမနေနဲ့၊ ကိုယ့်ကိုယ်ကို လဲ ဂရုစိုက်ဦး'



စကားသံတစ်ချက် ထွက်လာသည်ကို ကြားလိုက်ရသည်။

ကျော်မင် မျက်နှာပျက်သွား၏။

လူမတွေ့ရဘဲ အမှောင်ရိပ်ထဲမှအသံကို ကြားလိုက်ရရုံနှင့် စားသောက်ဆိုင်တွင် လူအား ကျေးဇူးတင်စကားမပြောတဲ့ မီးခိုးရောင်ဝတ်အဘိုးအို၏ အသံဖြစ်ကြောင်း သူ ရိပ်မိလိုက် သည်။

'လက်စသပ်တော့ ခင်ဗျားကိုး၊ ကျုပ်က ခင်ဗျားကို လူ ကောင်းတစ်ဦးထင်ပြီး ကူညီမိတယ်၊ ခင်ဗျားက ကျေးဇူး မတင်တဲ့အပြင် ကျုပ်ရဲ့ငွေအိတ်ကိုတောင် ခိုးသွားသေးတာ ကိုး'

အဘိုးအိုက

'အေး…နေရာတကာ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ရဲအောင် မင်းကို သင်ခန်းစာပေးလိုက်တာပဲ'

'ခင်ဗျားက ကျုပ်ရဲ့စေတနာကို စော်ကားတာပဲဗျ'

'စေတနာ ဟုတ်လား၊ စေတနာလွန်ရင် အလိုက်ကန်းဆိုး မသိတာလား'

'ခင်ဗျား'

အဘိုးအိုက

'ဒီညာ ငါသိတော့အောင်းနေတာ မင်း ကံကောင်းတယ် မှတ်ပါ၊ မင်းကိုခွင့်လွှတ်လိုက်မယ်'

ဓားဆုံးလျှင် ထွက်သွားရန်ဟန်ပြင်လိုက်၏။

ကျင်မင် ဒေါပွသွား၏။

'ခင်ဗျားနှ ထွက်လွှားချင်တိုင်း သွားလို့ရမလား'

ဟု အော်ဟစ်၍ အဘိုးအိုထံ ပြေးဝင်တိုက်ခိုက်သည်။

အဘိုးအိုက

'မင်း တော်တော်ခက်ပါလား'

အသာ့အယာပင် ရှောင်လိုက်၏။

အဘိုးအိုသည် ကျင်မင်နောက်ကျောဘက် ရိပ်ခနဲ ရောက်ရှိသွား၏။

ကျင်မင်၏ကျောပြင်ကို လက်ဝါးဖြင့် ပုတ်လိုက်သည်။

'ဟင်'



ကျင်မင် ထိတ်လန့်သွား၏။

အဘိုးအိုက

'ငါသွားတော့မယ်၊ မင်းမကျေနပ်ရင် လိုက်ခဲ့၊ ငါ့ရဲ့ခြေရာကို မီရင် မင်းကိုဆုချမယ်'

ဓားဆုံးလျှင် ရိပ်ခနဲပြေးလေသည်။

ကျင်မင် ဒေါပွပြီး ပြေးလိုက်ရန်ဟန်ပြင်လိုက်၏။

သို့သော်

တကယ်တော့ မလိုက်ဖြစ်ဘဲ ကျန်ရစ်ခဲ့လေသည်။

အဘိုးအိုသည် အမှောင်ထုထဲသို့ဝင်သွားပြီး မြင်ကွင်းမှ ပျောက်သွားလေသည်။

o o o

## အကဲသနှင့်ရင်းသည့်တိုင်

ပင်လယ်ပြင်တွင် လှိုင်းတံပိုးများ ထကြွနေသည်။

ရေလှိုင်းများကြားခွင် ရွက်လှေကြီးတစ်စင်းသည် နိမ့်ချည်မြင့်ချည်ရှိနေ၏။

ထိုရွက်လှေကြီးပေါ်တွင် ခရေပွင့်အမှတ်အသား ပါရှိသည့် အနက်ရောင်အလံတစ်ခု လွှင့်ထူထားသည်။

ထိုရွက်လှေကြီးသည် ခရေကျွန်းမှလာသည့် ရွက်လှေကြီးဖြစ်ကြောင်း ထင်ရှားနေ၏။

မှန်ပါသည်။



ထိုရွက်လှေကြီးသည် လွန်ခဲ့သော ဆယ့်ငါးရက်ခန့်က ကမ်းပေါ်တက်သွားသည့် ဝတ်စုံနက် နှစ်ဆယ့်လေးဦးအား စောင့်နေသည့် လှေကြီးဖြစ်လေသည်။

ထိုလှေကြီးသည် ခရေကျွန်းမှလာပြီး ဝတ်စုံနက်များကို ခရေကျွန်းသို့ ပြန်လည်ခေါ်ဆောင်ရန် စောင့်နေခြင်းဖြစ်၏။

ပင်လယ်ပြင်၌ ကျောက်ချရပ်နားရှိ စောင့်နေခဲ့သည်မှာ ရက်အတန်ကြာသွားပြီဖြစ်၏။

လှေပေါ်မှဆင်း၍ ကမ်းခြေသို့ ကူးခတ်သွားသူ နှစ်ဆယ့်လေးဦး ပြန်ပေါ်မလာသေးပါ။

လှေသူကြီးက ဆောင်းအင်ပေါ် မော့ကြည့်လေသည်။

နေမင်းက ခြစ်ခြစ်တောက်ပူပြင်းနေ၏။

လှေသူကြီး သက်ပြင်းချလေသည်။

'သူတို့ကိုစောင့်နေဖို့ ငါ့ကိုအချိန်ပေးထားတာ ဒီနေ့ဟာ နောက်ဆုံးနေ့ပဲ၊ မွန်းတည့်ချိန်ရောက်မှ သူတို့ရောက်မလာရင် အားလုံးကိုထားခဲ့ပြီး ခရေကျွန်းကိုပြန်ရမှာပဲ'

ဟု ရေရွတ်လိုက်သည်။

လှေသူကြီး၊ မျက်နှာမကောင်းပါ။

ရှေ့ဆုံးလှေဖြင့် ပို့ဆောင်ပေးခဲ့သူ နှစ်ဆယ့်လေးဦးသည် ခရေကျွန်းမှ လက်ရွေးစင်သူရဲကောင်းများ ဖြစ်ကြလေ၏၊

သူတို့သည် ခရေကျွန်းအတွက် အသက်စွန့်ဆောင်ရွက်ရန် ကမ်းပေါ်သို့ တိတ်တဆိတ်တက်လာခဲ့ကြသည်။

သူတို့သွားရမည့်ခရီးမှာ ခက်ထန်ကြမ်းတမ်းပြီး အသက်အန္တရာယ်နီးလှပေသည်။

ထိုလူများ အချိန်မီပြန်ရောက်မလာသည်မှာ

လှေသူကြီးသည် ကောင်းကင် အလယ်ဗဟိုရ်တည့်တည့်သို့ ရောက်နေပြီဖြစ်သော နေဝန်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး ခွက်လှေကို ကျောက်ဆူးနုတ်ခိုင်းရန် ဟန်ပြင်လေသည်။

ထိုစဉ်

'လှေသူကြီး....လှေသူကြီး'

လှေထိုးသားတစ်ယောက်သည် ကျယ်လောင်စွာ အော်ဟစ်၍ ပြေးလာနေသည်ကို တွေ့ရ၏။



လှေသူကြီးက
'ဘာဖြစ်တာလဲဟေ့'
ဟု မေးလေသည်။

လှေထိုးသားက ရေပြင်ထဲသို့ ညွှန်ပြပြီး

'ရေထဲမှာ တစ်ခုခုမျောလာတယ်'

ဟု ပြောလာသည်....

မှန်ပေသည်....

လှေသူကြီးကြည့်သည့်အခါ ရေလုံအိတ်တစ်လုံးကတရွေ့ရွေ့ မျောလာနေသည်ကိုတွေ့ရသည်....

လှေသူကြီးက....

'ဒါ—တို့ ခရေကျွန်းက အသုံးပြုတဲ့ ရေလုံအိတ်ပဲဟေ့တို့သား၊ ကမ်းပေါ်တက်တဲ့လူတွေဆီက ဖြစ်လိမ့်မယ်၊ ကဲ မြန်မြန်ဆယ်ကြ—

ဟု အမိန့်ပေးလေသည်—

လှေသမား၃ယောက်သည် ရေထဲသို့ဝုန်းခနဲခုန်ချကြ၏။ မကြာပါ—

လှေသမားတို့က ရေလုံအိတ်ကို ဆယ်ယူ၍ လှေ့ါသို့

ပြန်လည်၍ ရောက်ရှိလာကြသည်…

လှေသူကြီးက ရေလုံအိတ်ကိုယူ၍ ဖွင့်ကြည့်လိုက်သည်၊

ထိုအခါ…

ရေလုံအိတ်ထဲ၌ မိုးကြိုးမခါးကျမ်း ပါလာသည်ကို တွေ့

ရသည်…

လှေသူကြီး ဝမ်းမသာသည့်အပြင် ပျက်နှာပျက်ရသည်၊

'မိုးကြိုးသိုင်းကို တို့ရဲ့ ခရေခါးသိုင်းက ဘယ်တုန်းက

မယှဉ်နိုင်ဘူး…

'ဒါကြောင့် မိုးကြိုးခါးသိုင်းကျမ်းကိုခိုးယူလေ့လာပြီး

အနိုင်ယူနိုင်မယ့် ခါးကွက်တွေတီထွင်ရမယ်လို့ ကျွန်းပိုင်ရှင်

ဆုံးဖြတ်တာပဲ၊ ခုတော့ သိုင်းကျမ်းကိုရပြီ၊ တို့ရဲ့သူရဲကောင်

တွေလဲ…

သူ၏စကားသည် တစ်ပိုင်းတစ်စဖြင့်ရပ်သွားသည်—

သူ၏အနီး၌ ဝိုင်းအုံနေသည့် လှေသမားတို့လဲ စိတ်

ကောင်းဖြစ်ကြလေသည်—



ခရေကျွန်းပိုင်ရှင်၏အမိန့်ဖြင့်မိုးကြိုးအဖွဲ့သို့ သွားခဲ့သည့်

သူရဲကောင်းတို့သည် ဘယ်သောအခါမှ အိမ်ပြန်လာကြမည်

မဟုတ်ဟု နားလည်လိုက်ကြလေသည်…

လှေသူကြီးက…

'သူတို့ တာဝန်ကျေပြီ၊ တို့လဲ တာဝန်ကျေအောင် ထမ်း

ဆောင်ရမယ်၊ ရန်သူက လိုက်မလာဘူးလို့မပြောနိုင်ဘူး၊ ဒါ

ကြောင့် ခုပဲ ခရေကျွန်းကိုအမြန်ခရီးနှင်ကြမယ်…

ဟုပြော၏။

လှေကြီးတစ်ခုလုံး လှုပ်လှုပ်ရှရှဖြစ်သွားသည်…

ခရမ္မတ်သံ ပြေးလွှားသံ အမိန့်ပေးသံတို့ထွက်လာသည်။

ထို့နောက်…

လှေကြီးကကျောက်ဆူးကိုနုတ် ရွက်တိုင်ကိုချ၍အရှေ့ဘက်

သို့ ဦးတည်၍ ထွက်ခွာခဲ့သည်…

ဝိတ်စုံနက်တို့ရရှိခဲ့သည့် အမှတ်၅၄၁နှင့် ထစ်းရှိသည့် ခေါ
ကျမ်းက ရန်သူတို့ဖြစ်သည့် ခရေကျွန်းမှလူတို့ လက်ထဲသို့ ပါ
သွား၏။

သို့သော်

ထိုခေါးကျမ်းက အတုဖြစ်သည်....

မိမိတို့ အသက်စွန့်၍ယူခဲ့သည့် ခေါးကျမ်းမှာ 'အတု' ဖြစ်
သည်ဟုသာ ခရေကျွန်းမှလူတို့သိခဲ့မည်ဆိုလျှင်—

ဝ ဝ ဝ

သူတင်းဆိုး

---

ကျင်မင်

ကျင်မင်သည် မိုးကြိုးဂိုဏ်းမှထွက်လာသည်မှာ ၃ လရှိပြီ
ဖြစ်၏။

ထို ၃ လအတွင်း ဇာတိရပ်ရွာသို့ ပြန်၍သည်ရောက်လာ၏။

သူ့မိဘတို့၏ ဂူတို့ကိုသုန့်ရှင်းရေးလုပ်၏။

ရှိခိုးကန်တော့၏။

ဆွေမျိုးသားချင်းတို့ကို နှုတ်ဆက်၏၊

သွားရောက်လည်ပတ်၏။

ထို့နောက် ဇာတ်ရုပ်ရှာမှပြန်လာသည်....

ကျန်မင်ကို စိတ်ကတစ်နှစ်အချိန်ပေးသော်လဲ တစ်ချို့ မိုးကြိုးကိုက်းသို့ ကျူးကျော်ဝင်ရောက်ဖူးသည့် လူထူးသ စေခရကို လိုက်၍ရှာဖွေလိုစိတ်ပြင်းပြသဖြင့် ဆွေမျိုးတို့တ မြစ်ဆည့်ကြားမှ ထွက်လာခြင်းဖြစ်သည်..

ထိုသို့ထွက်လာခြင်းကြောင့်လဲ သိုင်းဓောက်နှင့်ပတ်သ သည့် သူတင်းဆိုးကိုကြားရခြင်းဖြစ်သည်....

x x x



စားသောက်ဆိုင်....

ကျင်မင်သည် စားသောက်ဆိုင်သို့ပြန်၍ရောက်ရှိလာပြီဖြစ် သည်။

ထိုဆိုင်မှာ မီးခိုးရောင်ဝတ်အဘိုးအိုနှင့် ဆုံတွေ့ရသည့်ဆိုင် ဖြစ်၏။

လမ်း၌ ခရီးတထောက်နား၍ စားသောက်ရန် ထိုဆိုင် သာရှိသဖြင့် ကျင်မင် မနှစ်မြို့သော်လဲ ဝင်ခဲ့ရခြင်းဖြစ်သည်။

ဆိုင်ထဲရောက်သည်နှင့်....

'တင်'

မမျှော်လင့်ဘဲ တွေ့ရသည့် မြင်ကွင်းကြောင့် ကျင်မင် ခြေ လှမ်း တုန့်ခနဲရပ်တန့်သွားသည်....

သူ တွေ့ရသည်မှာ....

မီးခိုးရောင်ဝတ်ဆင်သည့် အဘိုးအိုမှာ စားပွဲ တစ်လုံး၌ ခေါင်း ဆေးစွာထိုင်၍ အရက်သောက်နေသည်....

ထိုအဘိုးအိုရဲ့ အနီး၌ 'လူသန်ကြီး နှစ်ယောက်က ထိုင်၍ စားသောက်နေခြင်းဖြစ်သည်...

လူသန်နှစ်ယောက်က ကျော်မင် ဆိုင်ထဲသို့ ဝင်လာသည်ကို မြင်သည်နှင့် ချက်ချင်း ထိုင်ရာမှထ၍ဆိုင်ပြင်သို့ထွက်သွား၏

ကျော်မင်က ပြုံးထိုက်သည်...

အဘိုးအိုအနီး ချဉ်းကပ်၍...

'ဒီတစ်ခါ ခင်ဗျားရဲ့ ငွေတွေ အလုခံရမှာကို စိုးရိမ်စရာ မလိုတော့ဘူး'

ဟု ပြောသည်။
အဘိုးအို မဲ့ပြုံး ပြုံးသည်။

'ငါ့ငွေက ဘယ်တုန်းကမှ အလုမခံခဲ့ရဘူးကွ'

ကျော်မင် ကျွံမြီးတို့သွားသည်။

သူ၏ ငွေအိတ်သည်ကား၊ အလုခံလိုက်ရသည်မဟုတ်လော။

အဘိုးအိုက



'လူသန်ကြီး နှစ်ဦးက မင်းကို ကြောက်လို့ ထွက်သွားကြတယ် မင်းထင်ရင် မှားသွားလိမ့်မယ်'

'ဘာဖြစ်'

'ကိုယ်စားမယ့် အစာ ပုတ်ချခံလိုက်ရရင် ဘယ်သူကကျေနပ်နိုင်မှာလဲ'

သူက
'သူတို့မကျေနပ်လဲ ကျုပ်ကမမှုဘူး'
ဟု ပြောသည်။

အဘိုးအိုသည် သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး...

'မင်းက ကိုယ့်ကိုယ်ကို အထင်ကြီးနေတယ်ဆိုရင် အမှားကြီး မှားလိမ့်မယ်'

သူက

'မကောင်းတာ လုပ်တဲ့လူတွေကို ဆုံးမတာ ကိုယ့်ကိုယ်ကို အထင်ကြီးစရာ မလိုပါဘူး'

အဘိုးအိုက

'အေး...မြေခွေးနဲ့တွေ့ရင် မင်းဘယ်လောက် လောကျယ်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

သူ မျက်မှောင်ကုတ်သွားသည်။

'မြေခွေးဟုတ်လား'

အဘိုးအို ဘာမှမပြောဘဲ အရက် တစ်ခွက် ငှဲ့သောက်နေလိုက်သည်။

သူ မကျေမနပ် ဖြစ်သွား၏။

အဘိုးအိုအား အောင့်ခေါက် မေးမြန်းရန် ဟန်ပြင်စဉ်–

'ငါ့လူတွေကို စောင့်နေဖို့ ဘယ်သူလဲ၊ သတ္တိရှိရင်ထွက်လာခဲ့စမ်း'

ဆိုင်အပြင်မှ ကျယ်လောင်သည့်အသံများ ထွက်လာသည်ကို ကြားရ၏။

Z X Z



ဆိုင်အပြင်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာ၏။

အဘိုးအိုက

'ပြောရင်းဆိုရင်း မြေခွေးတောင် ရောက်လာပြီ'

ဟု ရေရွတ်၏။
ကျောင်းမင်း[illegible]
'ကျုပ်အကြောက်ရမှာလား'

[illegible] ပြော၍ ဆိုင်အပြင် ပြေးထွက်သည်။

အဘိုးအိုက

'အင်း...ဒီကောင်လေးတော့ ဒုက္ခရောက်တော့မှာပဲ'

ဟု ရေရွတ်၍ ထိုင်ရာမှ ထသည်။

ဆိုင်အပြင်ရောက်လျှင် ကျောင်းမင်း၏ခြေလှမ်း တုန့်ခနဲရပ်၏။ ခန္ဓာကိုယ် ပိန်ပိန် မျက်နှာစုတ်ချွန်းချွန်း ရှိသူတစ်ဦးဆောင်းဆောင်သည့် လူတစ်စု ရောက်နေသည်ကို တွေ့ရ၏။ ထိုလူစုနှင့်အတူ လူသန်ကြီး နှစ်ဦးသည်လည်း ပါရှိသည်ကို တွေ့ရသည်။

လူသန်ကြီး နှစ်ဦးသည် ကျောင်မင်ကို တွေ့ရလျှင်...

'ဆရာမြေခွေး၊ ကျုပ်တို့ကို နှောင့်ယှက်တာဒီကောင်ပဲ၊ ဒီကောင့်ကို မှတ်လောက် သားလောက် ဖြစ်အောင် ဆုံးမ ပေးလိုက်စမ်းပါဗျာ'

ဟု တစ်ယောက်တစ်ပေါက် ပြောကြ၏။

မြေခွေးဆိုသူ ခေါင်းညိတ်သည်။

'စိတ်ချ၊ ဒီမြို့မှာ ကျုပ်တစ်ယောက်လုံးရှိနေလျက်နဲ့ခုလို ဖြစ်ပြီး စော်ကားလို့ ဘယ်ရပါ့မလဲ၊ ဒီကောင်ကို ဆုံးမပေးရမှာပေါ့၊ ကော့...တိုက်ကြစမ်း'

မိုက်တီမိုက်ကန်းရုပ်သွင်ရှိသည့် သူ၏ နောက်လိုက်များကို အမိန့်ပေး၏။

ထိုအခါ—
'ယား'
'သေပေတော့'



သူ့လူများသည် ကျောင်မင်ထံသို့ တစ်ပြုံနက်ထိုး ပြေးဝင်၍ တိုက်ခိုက်လိုက်ကြလေသ၏။

ကျောင်မင်က နောက်မဆုတ်ဘဲ ထိပ်တိုက် ရင်ဆိုင်လိုက်၏။

သူ ဓားကို ဆွဲမထုတ်သေးဘဲ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခြင်းဖြစ်သည်။

တိုက်ပွဲဖြစ်ပေါ်လာသည်နှင့်
'စုန်း'
'အား'

'အမယ်လေး'
'သေပါပြီဗျို့'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လူဆိုးတို့ တစ်ယောက်ပြီး တစ်ယောက် လွင့်စင်သွား၏။

လူသန်ကြီး နှစ်ဦး မကျေမနပ် ဖြစ်သွားကြသည်။

'ကောက်...ဒီကောင့်ကို မဆုံးမရရင် မကျေဘူး'

'သေဖို့သာပြင်ထား'
ဟု အော်ငေါက်၍ ပြေးဝင်တိုက်၏၊
ကျင်မင်က

'ခင်ဗျားတို့နှစ်ယောက်ကိုတော့ မှတ်အောင် ဆုံးမရမယ်'

ဟု ပြော၍ ပြင်းထန်စွာ တိုက်သည်။

လူသန်ကြီး နှစ်ဦးသည် ဓားကိုယ်စီ ဆွဲထုတ်ပြီး ကျင်မင်အား ဝဲယာ တစ်ဖက်တစ်ချက်မှ ညှပ်တိုက်ကြ၏။

ကျင်မင်သည် ဓားအမားတစ်ဦး ဖြစ်သည့် အလျောက် လူသန်ကြီးတို့၏ ဓားကွက်ကို ကြည့်မိသည်နှင့် မည်သို့ တိုက်လာမည်ကို ရိပ်မိ၏။

ထို့ကြောင့် သူက အကွက်ကျကျ ပြန်တိုက်သည်နှင့်—

'ဝုန်း'
'အား'

လူသန်ကြီး နှစ်ဦးမှာ အဝေးသို့ လွင့်စဉ် သွားကြသည်'

'ဟား ဟား ဟား'



ကျင်မင်က ရယ်မောလိုက်သည်။

'ဘယ်လိုလဲ၊ ခင်ဗျားတို့ ထပ်ပြီး မိုက်မဲ ချင်သေးလား'

ဟု ငေါက်လိုက်၏။

ထိုလူနှစ်ဦး မြေပေါ် လိမ့်သွားပြီး ကပျာကယာနောက် ဆုတ်သည်။

မြေခွေးက
'မင်း ဘယ်ဆိုးလို့လဲ'

သူက လက်နှစ်ဖက် နောက်ပစ်၍ အေးဆေးစွာရှေ့တိုး လာသည်။

ကျင်မင်နှင့် ရင်ဆိုင်သည်။

ကျင်မင်က

'ခင်ဗျားက ဒီမြို့က ဒုစရိုက်သမားတွေရဲ့ ခေါင်းဆောင် ပေါ့ ဟုတ်လား'
မြေခွေးက

'သေချာတာပေါ့၊ ဒီမြို့မှာ မြေခွေးဆိုတဲ့နာမည် ကြား၊
တာနဲ့ ဘယ်သူမှ မော်မကြည့်ရဲဘူးဆိုတာ မှတ်ထားပေါ'

ကျော်မင်းက

'ကောင်းတယ်၊ ကျုပ်ကလဲ အဲဒီလိုလူစားမျိုးကိုမှ ဆုံ
ချင်တာ'

မြေခွေးက
'စမ်းကြည့်လိုက်လေ'
'ခင်ဗျား သတ်ထားပေါ'

စကားဆုံးလျှင် ကျော်မင်းက စတင်တိုက်၏။

မြေခွေးကလည်း မြန်လည် တိုက်ခိုက်၏။

နှစ်ဦးသား ထိပ်တိုက် ရင်ဆိုင်ကြပြီး မရွေးမနှောင်း၌-

'ဝုန်း'

မြေခွေးမှာ ကျော်မင်း၏ လက်ချက်မိ၍ အဝေးသို့ လွင့်စဉ်
သွားလေသည်။



'ဟား ဟား ဟား'

ကျယ်လောင်သော ရယ်သံ ထွက်ပေါ်လာသည်။

ကျော်မင်းက လှည့်ကြည့်လိုက်သည့်အခါ အဘိုးအိုက ခါး
ထောက် ရယ်နေသည်ကို တွေ့ရ၏။

ကျော်မင်း ပြုံးပြသည်။
'ခင်ဗျားရော ဘာပြောချင်လဲ'
ဟုမေးလိုက်၏။

အဘိုးအိုက

'ငါပြောချင်တာ တစ်ခုပဲ ရှိတယ်၊ မင်း ကိုယ့်ကိုယ်ကို
အထင်ကြီးနေရင် မှားမယ်'

ကျော်မင်းက

'ကျုပ်က ဘာလို့ ကိုယ့်ကိုယ်ကို အထင်ကြီးရမှာလဲဗျ'

အဘိုးအို ဘာမှမပြောဘဲ နေလိုက်၏။

ထိုစဉ်....

လူသန်ကြီး နှစ်ယောက်နှင့် မြေခွေးတို့ လူးလိမ့်ထသွား၏၊ ကျောင်မင်တာ

'ကဲ....ခင်ဗျားတို့ နောက်ထပ် စမ်းကြည့် ချင်သေးလား'

ဟု ငေါက်လိုက်သည်။

လူသန်ကြီးနှစ်ယောက် မြေပေါ် ဒူးထောက်ချသည်၊

'ကျုပ်တို့ မှားပါပြီဗျာ၊ ကျုပ်တို့ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ကြောက်လန့်တကြား တောင်းပန်လာကြသည်။

သူ သက်ပြင်းချသည်။

အရှုံးပေး၍ တောင်းပန်နေသူတို့အပေါ် သူ အနိုင်မယူလိုတော့ပါချေ။

'ခင်ဗျားတို့သာ မတရားမှုလုပ်ကြပါနဲ့၊ ကျုပ်ကခင်ဗျားတို့ကို ဒုက္ခပေးမှာ မဟုတ်ပါဘူး'

'ကျေးဇူးပါပဲဗျာ၊ ကျေးဇူးပါပဲ'



'ကျေးဇူးတင်လွန်းလို့ မိတ်ဆွေလေးကို တစ်ခုခု ကျွေးပါရစေလားဗျာ'

လူသန်ကြီး နှစ်ဦးသည် ရှိန်းရှိန်းဝေအောင် ပြောရင်းမှ တိုးလာကြ၏။

မြေခွေးကလည်း

'ဟုတ်ပါတယ်ဗျ၊ မိတ်ဆွေလေးကြောင့် ကျုပ်တို့ အမြင်မှန်ရပါပြီ၊ နောက်မမိုက်တော့ပါဘူး၊ မိတ်ဆွေလေးကို တစ်ခုခု ကျွေးပါရစေဗျာ'

ကျောင်မင် ကျေနပ်သွား၏။

'ခင်ဗျားတို့အမြင်မှန်ရပြီဆိုရင်လဲ ကျေနပ်ပါပြီ၊ ကျုပ်ကို ကျွေးမွေးစရာ မလိုပါဘူး၊ ကျုပ်က—'

စိတ်တရက် သူစကားဆုံးအောင် မပြောလိုက်ရချေ။

လူသန်ကြီး နှစ်ယောက်သည် ခါးစည်းကြိုးတို့ဖြင့် သူ၏ခြေထောက်နှစ်ဖက်ကို ရစ်ပတ်လာ၍ ဖြစ်သည်။

သူ ရင်ထိတ်သွားပြီး
'ဟေ့...ဟေ့ လူတွေ ဘာလုပ်တာလဲ'
ဟု အော်ပြောလိုက်သည်။

မြေခွေးက

'ဘာလုပ်ရမလဲ၊ မင်းကို ဆုံးမမလို့ပေါ့'

ရုတ်တရက် ရှေ့သို့ ခုန်ထွက်၍ ကျောင်းမင်းအား ပိုက်ကွ
တစ်ခုဖြင့် ပစ်သည်။

ထိုပိုက်ကွန်သည် မြေခွေး၏ ယုန်ဖမ်းပိုက်ဟု ကျော်ကြား
သည့် လက်နက်ဖြစ်၏။

မြေခွေးသည် နာမည်ကျော် သိုင်းသမားဆိုးတစ်ဦး ဖြ
သည်ကိုလည်း ကျောင်းမင်း မသိခဲ့ပါတကော။

မြေခွေးကဲ့သို့ ဉာဏ်နီဉာဏ်နက် များလှသဖြင့် သူ့
မြေခွေးဟု တင်စား ခေါ်ကြခြင်းလည်း ဖြစ်၏။

'ဝှီး'



ပိုက်ကွန်သည် ကျောင်းမင်း၏ တစ်ကိုယ်လုံး ဖုံးလွှမ်းသွား၏၊

ထိုအတူ

လူသန်ကြီး နှစ်ဦး၏ ဓါးစည်းကြိုးသည်လည်း သူ၏ခြေ
ထောက် နှစ်ဖက်ကို ရစ်ပတ်မိ၏။

သူတို့က အားဖြင့် ဆောင့်ဆွဲလျှင်...

'ဝုန်း'
သူ မြေပေါ် လဲကျသွား၏။
မြေခွေးက

'ယား'

ဟု ဩသံပေး၍ ကျောင်းမင်းထံ ခုန်ဝင်ပြီး ဝမ်းဗိုက်ကို ဓား
ါးဖြင့် ထိုးသွင်းသည်၊

ကျောင်းမင်းမှာ ပိုက်ကွန်နှင့်ဓါးစည်းကြိုးများ၏ တင်းကြပ်
စွာ ချုပ်နှောင်မှုကြောင့် မလှုပ်မယှက် ရှုန်းမရအောင် ဖြစ်
သွားလေသည်။

မြေခွေးက

'ရှန်ထူကို ဘယ်တော့မှ အသင်မသေးနဲ့၊ အနိုင်ရပြီဆို
နဲ့ တစ်ခါတည်းစား ထိပ်ပစ်လိုက်၊ ဒါမှ ကိုယ့်ကို မြ
အန္တရာယ်ပြုနိုင်မှာ မဟုတ်ဘူး၊ မင်းအတွေ့အကြုံ အများ
လိုသေးတယ်'

ဟုလည်း ပြောသည်။

ကျွင်မင် ဒုက္ခရောက်ရမည့်ဆဲဆဲ အချိန်လေးမှာပင်...

'ငါတစ်ယောက်လုံး ရှိသေးတယ်ဆိုတာ မင်းတို့ မေ
ကြတာကိုး'

အဘိုးအိုး၏ စကားသံ ထွက်ပေါ်လာသည်။

မြေခွေးနှင့် လူသန်ကြီးတို့ မျက်လုံးထဲ၌ လူရိပ်တစ်ခု
ရှားသွားသည်ကို တွေ့ရ၏။
မြေခွေး ရင်ထိတ်သွားပြီး
'ဒါဘာလုပ်တာလဲ'

ဟု အော်ငေါက်၍ အပျောကယာ နောက်ဆုတ်မိ
သော်လည်း နောက်ကျသွားပြီ ဖြစ်၏။



အဘိုးအို၏ လက်ချက်ကြောင့် မြေခွေးရော လူသန်ကြီး
နှစ်ဦးပါ အဝေးသို့ လွင့်စဉ်သွား၏။

'ဝုန်း'

'အား'

မြေခွေးကိုယ်တိုင် မရှုမလှ ခံလိုက်ရသည်ကို တွေ့ရလျှင်
သူ၏နောက်လိုက်များ မနေဝံ့တော့ဘဲ ဖနောင့်နှင့် တင်ပါး
ထားတည်းကျအောင် ထွက်ပြေးကြလေ၏။

'ဟား ဟား ဟား'

အဘိုးအိုက ရယ်မောလိုက်သည်။

၀ ၀ ၀

## လူထုဆန်း

---

မြေခွေးနှင့်အပေါင်းပါများ ထွက်ပြေးသွားကြပြီဖြစ်၏

အတော်လေး အလိုနာသွားသဖြင့် နောက်နေ့ဝင်ခေါ င်
ထောင်ဝံ့တော့မည် မဟုတ်သည်မှာ ထင်ရှားလှ၏။

ကျောင်မင်သည် ပိုက်ကွန်နှင့် ကြိုးတို့ကို ပယ်လိုက်ပြီး မြေ
ပေါ်မှ လူးလိမ့်ထ၏။

ရန်သူ၏ လှည့်စားမှုကို ခံလိုက်ရသဖြင့် ဒေါပွ၍မျက်နှာ
ကြီး နီမြန်းနေပါ၏။

အဘိုးအိုက သူ့အား မချိပြုံးပြုံး၍ ကြည့်နေပြီး—



'ငါ့စကားကိုမှ မင်းနားမထောင်တာ'

ဟု ပြောလိုက်သည်။
သူဘာမှမပြောဘဲ နေလိုက်၏။
အဘိုးအိုက—

'ငါသာ ဝင်မဆယ်ရင် မင်းဒုက္ခရောက်သွားမှာပဲ၊ ငါ ပြောတာကို မင်းငြင်းချင်သေးလား'

ကျောင်မင်က

'ခင်ဗျားဝင်မဆယ်လဲ သူတို့ကို ကျုပ်ရင်ဆိုင်နိုင်တယ်ဆို တာမှတ်ထားပါ၊ ကျုပ်လက်ချက်ကြောင့် သူတို့ မရှုမလှခံ လိုက်ရတာ ခင်ဗျားတွေ့ခဲ့တာပဲမဟုတ်လား'

အဘိုးအိုက

'ဘာပဲဖြစ်ဖြစ် သူတို့ဟာ ခံလိုက်ကြရပေမယ့် ညာဏ်များ တယ်၊ ဘာမှဖြစ်ကြမှာ မဟုတ်ဘူး၊ မင်းသာအသက်ပျောက် သွားမလို့ သီသီလေးဆိုတော့တယ်'

ကျောင်မင် ဘာမှမပြောဘဲ နေလိုက်၏။

အဘိုးအိုက

'မင်းဟာ လူငယ်တစ်ယောက် ဖြစ်ပေမယ့် သိုင်းပည
မဆိုးပါဘူး၊ အစစအရာရာ သတိပီရိယနဲ့ လုပ်ကိုင် ဆော
ရှက်သွားမယ်ဆိုရင် တစ်နေ့ ထိပ်တန်းသိုင်းသမားတစ်ဦးဖြ
လာမှာ သေချာပါတယ်'

ကျောင်မင်က
'မင်ဗျား ချီးကျူးစရာ မလိုပါဘူးဗျာ'
ဟု အငေါ်တူးလိုက်သည်။

အဘိုးအိုက

'မအေးလေ...မင်းနဲ့ငါ ဘာမှ ပတ်သက်စရာ အကြေ
မရှိတာ၊ ပြောနေလို့လဲ အပိုပဲပေါ့၊ ကဲ...ငါသွားမယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

ကျောင်မင်က မလှုပ်မယှက်ရပ်၍ ကျန်ခဲ့လေသည်။

x x x



မြို့ကလေး

ထောမြို့လေးက အနောက်ဘက်၌ ကျန်ခဲ့ပြီ ဖြစ်လေ၏။

ကျောင်မင်က မြင်းတစ်ကောင်ဖြင့်ခရီးနှင်လာခဲ့၏။

နေ့ဝက်ခန့်ခရီးနှင်ပြီးသည့်အခါ လမ်းဆုံလမ်းခွတစ်ခုသို့
ရောက်လာ၏။

လမ်းဆုံအမ်းခွ၌ ခရီးသည်တို့ တထောက်နားစရာကြား
စခန်းလေး တစ်ခုရှိနေ၏...

ထိုစခန်း၌ စားသောက်ဆိုင် အချက်ဆိုင်နှင့်ကစားဝိုင်းတို့
ရှိ၏၊

ကျောင်မင်က ကြားစခန်းသို့ရောက်သည့်အခါ ခဏ အနား
ယူရန်ဆုံးဖြတ်လိုက်၏....

မြင်းညိုကြီးကို အရိပ်ကောင်းသည့် သစ်ပင် တစ်ပင်
အောက်၌ ချည်လိုက်ပြီး လမ်းဘေး စားသောက်ဆိုင်ဆီသို့
လှမ်းသွားရန် ဟန်ပြင်လိုက်စဉ်မှာပင်...

'ဪ..မင်းက ငါ့နောက်ကိုလိုက်လာတာပေါ့လေ'

စကားသံထွက်လာသည်ကိုကြားလိုက်ရ၏....

ကျောင်မင်က လှမ်းကြည့်လိုက်၏–

ထိုအခါ

မီးခိုးရောင်ဝတ်ဆားသည့် အဘိုးအိုကို တွေ့လိုက်ရသည်။

ကျောင်မင် ကြောင်အမ်းအမ်းဖြစ်သွားပြီး...

'ခင်...ခင်ဗျား....

အဘိုးအိုက

'မင်းက ငါ့နောက်ကိုလိုက်လာတာမဟုတ်လား'

ကျောင်မင်က

'ကျွန်တော်က ဘာလို့လိုက်လာရမှာလဲ....

'ဒါဖြင့် မင်းက ဘာလို့ဒီကိုရောက်လာတာတုံး...

'ဒါက'



'ဘာလဲ၊ မင်းက သိုင်းလောကသတင်းဆိုးကို ကြားခဲ့လို့ မဟုတ်လား'

'ဗျာ'

'သိုင်းလောကသားတိုင်း သိတဲ့ သတင်းဆိုးကို မင်းလဲ သိနေပြီမဟုတ်လား–

ကျောင်မင်က မျက်မှောင်ကုတ်၍...

'နေပါဦး၊ သိုင်းလောကသတင်းဆိုးဆိုတာဘာလဲ ပြောပါဦး'

ဟုမေး၏။

အဘိုးအိုက

'လူတိုင်းသိပြီး ဒီလောက် ဟိုးလေးတကြော်ကြော် ဖြစ်နေတာ မင်း မသိတာ အံ့ပါရဲ့ကွာ–

ကျောင်မင် မကျေမနပ်ဖြစ်ရသည်...

'ခင်ဗျားမပြောချင်လဲနေဗျာ၊ ခင်ဗျားပြောမှ သိရမှာ မဟုတ်ဘူး၊ လူတိုင်းသိတဲ့ သတင်းဆိုရင် ကျုပ်ရော ဘာလို့ မသိနိုင်ရမှာလဲ....

အဘိုးအိုက သက်ပြင်းချ၍—

'ကောင်းပြီ၊ မင်းသိချင်တယ်ဆိုရင် ငါပြောပြမယ်…

ကျော်မင်းက ဘာမျှမပြောဘဲနေလိုက်၏…

အဘိုးအိုက

'သိုင်းလောကမှာ ပြဿနာပေါ်နေပြီ၊ သိုင်းလောကကို စိမ်ခေါ်မယ့်လူပေါ်လာပြီ…

'ဗျာ'

ကျော်မင်း ပါးစပ်အဟောင်းသားဖြစ်သွားရ၏

အဘိုးအိုကို မယုံကြည်စွာကြည့်၍—

'သိုင်းလောကကို စိမ်ခေါ်မယ့်လူတစ်ယောက် ပေါ်လာပြီဆိုတာလား'

'ဟုတ်တယ်'

'ဘယ်သူလဲ'



'ခရေကျွန်းအလူဝေတွေပေါ့…

'ဗျာ'

ကျော်မင်းက အံ့ဩပြီးရင်း အံ့ဩနေရပါတော့၏

အဘိုးအိုက

'ဘာလဲ၊ ခရေကျွန်းက လူတွေက မင်းတို့ မိုးကြိုးဂိုဏ်းရဲ့ အစီအ ပြိုင်ဘက်တွေဆိုတာ တွေးပြီး မင်းလန့်သွားလား…

ကျော်မင်းက

'ကျွန်တော် ထိတ်လန့်သွားစရာဘာအကြောင်းမှမရှိဘူး'

အဘိုးအိုက

'ဒါပြင့် ခရေကျွန်းကလာတဲ့လူတွေကို မင်းတို့ ထုံးမနိုင်ကြမယ်ပေါ့ ဟုတ်လား…

'ဒါကတော့ သိုင်းလောကတစ်ခုလုံးသိကြတာပဲ'

'ဟား…ဟား…ဟား…

အဘိုးအိုက ဟားတိုက်၍ရယ်၏—

ကျောင်မင်က

'ခင်ဗျားက ဘာရယ်တာလဲဗျ—

'သဘောကျလို့ပါ—

'ဘာဗျ'

အဘိုးအိုက....

'မင်းက ငယ်ပါသေးတယ်၊ ခရေကျွန်း အကြောင်းကို မင်း ဘာမှ သိမှာမဟုတ်ဘူး..

ကျောင်မင်က....

'ဘာလို့မသိရမှာလဲ၊ ခရေကျွန်းကို အမြဲ သတိထားရမယ်လို့ ငါတို့ဆရာတွေက အမြဲတမ်း မှာခဲ့ကြတာပဲ၊ နေပါဦး၊ ဒါက မိုးကြိုးကိုက်ကလူ ဆိုတာကို ခင်ဗျား ဘယ်လိုသိလဲ'

အဘိုးအိုက....

'မင်း အသုံးပြုတဲ့သိုင်းကွက်ကို ကြည့်တာနဲ့ သိတာပေါ့'

'ခင်ဗျာ'



သူက မည်သို့ပြောရမှန်းမသိတော့ပါ—

အဘိုးအိုက....

'မင်းက ငယ်ပါသေးတယ်၊ မင်းက ငါ့ကို မလေးမစား ဆက်ဆံနေခဲ့ယ်ဆိုရင် ငါ့စကားနားထောင်ရင်ကောင်းမယ်'

သူက

'ခင်ဗျားစကား နားထောင်ရမယ် ဟုတ်လား—

'ဟုတ်တယ်—

'ဘာဖြစ်လို့နားထောင်ရမှာလဲ—

'မင်းအတွက်အကျိုးရှိအောင်ပါ—

သူက ခေါင်းခါလိုက်၏၊

'ကျုပ်အတွက် ဘာမှမလိုဘူး၊ ကျုပ်က သူတစ်ပါးလှည့်စားတာကိုဘယ်တော့မှခံမှာမဟုတ်ပါဘူး—

'မင်း—တော်တော်ခက်ပါလား—

အဘိုးအိုက

'ငါက မင်းကိုသဘောကျလို့ခုလိုပြောဆိုဆက်ဆံနေတယ်ဆိုတာကို မင်း နားလည်ဖို့ကောင်းတယ်—

သူက

'တော်ပါတော့ဗျာ၊ ခင်ဗျားနဲ့ဆက်ပြောနေလို့လဲအကျိုးရှိမှာမှ မဟုတ်တာ၊ ကျုပ် သွားတော့မယ်....

စကားဆုံးလျှင် ချာခနဲလှည့်၍ထွက်လာခဲ့လေ၏။

အဘိုးအိုက —

'မင်း....တော်တော်ခက်ပါလား၊ ဒီတစ်ခါသိုင်းလောကဒုက္ခရောက်တော့မယ်၊ သိုင်းလောကကိုကယ်တင်ဖို့ လူတစ်ဦးလိုနေပြီ၊ အဲဒီလူဟာ မင်းမဖြစ်ရှင်ဘူးလား....

သူ၏ခြေလှမ်း၊ တုန့်ခနဲရပ်သွားလေ၏....





အဘိုးအို၏မျက်နှာတည်ကြည်လေးနက်၍လာ၏။

သူသည် အဘိုးအိုကို မျက်မှောင်ကုတ်၍ကြည့်နေ၏။

အဘိုးအိုသည် အကြောင်းတစ်ခုခုကြောင့် မိမိကိုပြောဆိုနေခြင်းဖြစ်ကြောင်း၊ တဖြည်းဖြည်းရိပ်မိလာ၏။

အဘိုးအိုမှာ သိုင်းပညာရှင်သူမဟုတ်ကြောင်း၊ သူကောင်းစွာ နားလည်၏—

သူ့ကို မြေခွေးတို့လက်မှကယ်တင်ခဲ့သူလဲဖြစ်၏၊

အဘိုးအိုကသိုင်းလောကအကြောင်းလဲကောင်းစွာသိ၏။

အရေးကြီးသည့် စကားတစ်ခုခုကိုလဲ ပြောချင်ပုံရသည်။

သူက စိတ်ကို ထိန်းချုပ်၍....

'ကောင်းပြီ၊ ဦးနဲ့ ကျွန်တော် အေးအေး ဆေးဆေးစကားပြောကြတာပေါ့—

ဟုပြော၏။

အဘိုးအိုက....

'ငါပြောချင်တာက ခရေကျွန်းအကြောင်းပဲ၊ မင်း စိတ်ဝင်စားခဲ့လား..

သူက

'မိုးကြိုးဂိုဏ်းသားတွေအတွက် ခရေကျွန်းထက် ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့နေရာ မရှိတော့ပါဘူးဗျာ'

အဘိုးအိုက—

'အေး...ခရေကျွန်းကလဲ သိုင်းလောကမှာမင်းတို့ကိုစိတ် အဝင်စားဆုံးဆိုရင်တော့ မင်းလက်ခံမလား။—

သူက

'လက်ခံပါတယ်

သူတို့နှစ်ယောက် စကားပြောရသည်မှာ တဖြည်းဖြည်း အဆင်ပြေလာသည်—

အဘိုးအိုက...



'နှစ် ၂၀ အတွင်းမှာ ခရေကျွန်းအလူတွေက သိုင်းလောကကို လွှမ်းမိုးဖို့ ၂ ကြိမ်တိုင်တိုင် ကြိုးစားဖူးတယ်'

'သူတို့ကြောင့် သိုင်းလောကပျက်မလိုဖြစ်ရတယ်၊ ဒါပေမယ့် နောက်ဆုံး သူတို့ပဲ မရှုမလှ အရေးနိမ့်ခဲ့ရတယ်၊ သူတို့ဘာလို့ အရေးနိမ့်ရသလဲဆိုတာ မင်းသိသလား....

သူက ခေါင်းခါလိုက်၏....

အဘိုးအိုက....

'မင်းတို့ မိုးကြိုးဂိုဏ်းကြောင့်ပါ...

'ကျွန်တော်တို့ဂိုဏ်းကြောင့်....

'ဟုတ်တယ်၊ ခရေကျွန်းကလာပြီး သိုင်းလောကကို စိန်ခေါ်တဲ့ ဓားသမားနှစ်ယောက် ရှိခဲ့ဖူးတယ်'

'သူတို့က တခြားအဖွဲ့က ဓားသမားတွေကို အနိုင်ရပေမယ့် နောက်ဆုံးတော့ မိုးကြိုး အဖွဲ့က ဓားသမားတွေကို မယှဉ်နိုင်တဲ့ မရှုမလှ အရေးနိမ့်ခဲ့ရတယ်....

'မင်းတို့အဖွဲ့က သိုင်းလောကကို ၂ ကြိမ်တိုင်တိုင် ဆယ်တင်ခဲ့တယ်'

အဘိုးအိုၖ စကားကြောင့် သူဖ မိုးကြိုးအဖွဲ့ဝင် တစ်ယောက်ဖြစ်ရသည်ကိုဂုဏ်ယူမိလေ၏။

အဘိုးအိုက ဆက်၍ပြောလိုက်၏၊

'ခုလဲ ခရေကျွန်းက စိန်ခေါ်လာပြီလေ၊ သူတို့ဆီက အတော်ဆုံး ဓားသမားတစ်ယောက်ကို လွှတ်ပြီး သိုင်းလောကရဲ့ အတော်ဆုံး ဓားသမားနဲ့ ယှဉ်ပြိုင်ချင်တယ်လို့ စိန်ခေါ်လာတယ်'

သူက

'သိုင်းလောကရဲ့ အတော်ဆုံး ဓားသမား ဗူတိလား—

'ဟုတ်တယ်—

'အဲသည်လူက ဘယ်လူလဲ—

'မင်းပဲ ဖြစ်ရမှာပေါ့—



'ဟာ'

သူက လွှတ်ခနဲ အော်လိုက်မိ၏—

အဘိုးအိုက..

'ငါက မင်းပဲဖြစ်ရမယ်လို့ ယုံကြည်မိတယ်—

'ဟာ..မဖြစ်နိုင်တာခင်ဗျာ၊ ကျွန်တော့်ထက် တော်တဲ့လူတွေ အများကြီးရှိနေတာပဲ—

အဘိုးအိုက—

'အေး....အဲဒီလူတွေထဲမှာ မိုးကြိုးဓားသိုင်း တတ်တဲ့လူ ဘယ်နှစ်ယောက်ပါလဲ—

'ဒါက—

'ရှင်းရှင်းပြောရရင် အခုလက်ရှိ မင်းတို့မိုးကြိုးဂိုဏ်းချုပ်တောင်မှ မိုးကြိုးဓားသိုင်းကို တတ်မြောက်တာ မဟုတ်ဘူး'

သူက—

'မဖြစ်နိုင်တာဗျာ—

အဘိုးအိုက—

'ဘာလို့မဖြစ်နိုင်ရမှာလဲ၊ တတိယ မိုးကြိုးဂိုဏ်းချုပ်ရဲ့ လက်ထက်မှာ အမှတ် ၅ ဌာနခွဲက မိုးကြိုး ဓားကျမ်းကို ခိုးယူခံရတာကြောင့် ဂိုဏ်းခွဲအသီးသီးမှာ ဖြန့်ဝေထားတဲ့ မိုးကြိုးဓားကျမ်းတွေကို တတိယ ဂိုဏ်းချုပ်က ပြန်ပြီးသိမ်းထားလိုက်တယ်....

'သိုင်းကျမ်းအတုတွေနဲ့ တန်မပျက်အစားထိုးခဲ့တယ်၊ ပြီးတော့ မိုးကြိုးဓားကျမ်းအစစ်တစ်ခုတည်းကိုသာ ချန်ထားပြီး ကျန်ကူးယူထားတဲ့ မူပွားသိုင်းကျမ်းတွေ အားလုံးကို ဖျက်ဆီးပစ်ခဲ့တယ်'

ကျောင်မင်းကအဘိုးအိုကိုမယုံနိုင်စွာကြည့်နေမိသည်၊

ထိုအဘိုးအိုက မိုးကြိုးဂိုဏ်း၏လျှို့ဝှက်မှုကိုကောင်းစွာ သိရှိနေသည် မဟုတ်ပါလား။

ထိုအဘိုးအိုက မည်သူမည်ဝါဖြစ်သနည်း..

အဘယ်ကြောင့် မိုးကြိုးဂိုဏ်း၏ လျှို့ဝှက်မှုကိုသိနေရပါ သနည်း။



အဘိုးအိုက

'ခက်တာက တတိယဂိုဏ်းချုပ် ကွယ်လွန်တဲ့ အချိန်မှာ ဓားကျမ်းအစစ်ကပျောက်ခဲ့တယ်....

'တတိယဂိုဏ်းချုပ်က ဘယ်နေရာမှာသိမ်းခဲ့သလဲဆိုတာကို မသိလို့ ဘယ်လိုမှရှာမတွေ့ဘူး၊ ရှင်းရှင်းပြောရရင် မင်းတို့ဂိုဏ်းရဲ့ တဆယ့်ပညာအစစ်ဖြစ်တဲ့ မိုးကြိုးဓားပညာဟာ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပါပြီ....

'မိုးကြိုးဓားသိုင်း မတတ်ဘဲ ခရေကျွန်းက လူတွေကို ဘယ်လိုလုပ် ရင်ဆိုင်နိုင်မှာလဲ....

ကျောင်မင်း ခြေဖျား လက်ဖျားပင် အေးစက်လာသည်....

အဘိုးအို၏ စကား မှန်နေမည်ဆိုပါက မိုးကြိုးဂိုဏ်း အတွက်ရော သိုင်းလောကအတွက်ပါ ရင်လေးဖွယ်ကောင်း လှသည် မဟုတ်ပါလား....

ခရေကျွန်းမှ လူတို့က မိုးကြိုးဂိုဏ်းကို ဖျက်ဆီးပစ်မည် ဖြစ်သလို သိုင်းလောကကိုပါ ဖျက်ဆီးပစ်မည်ဖြစ်လေသည်။

အဘိုးအိုက..

'မင်း....ဘာပြောချင်သေးသလဲ–

ဟုမေး၏၊

ကျော်မင်းက....

'ကျွန်တော်သိချင်တာ တစ်ခုရှိပါတယ်၊ ဦးက ဒီကိစ္စတွေကို ဘယ်လိုလုပ်ပြီး သိနေတာလဲ....

အဘိုးအို၏မျက်နှာတည်ကြည်သွားသည်၊

'မိုးကြိုးဓားကျမ်းနဲ့ ပတ်သက်လို့ ထဲထဲဝင်ဝင် သိတဲ့လူဆိုလို့ ငါတစ်ယောက်ပဲ ရှိတယ်လေကွာ....

ကျော်မင်း မျက်နှာမျက်သွားသည်၊

'ဦး....ဘယ်သူလဲဆိုတာ ကျွန်တော်သိပြီ....

အဘိုးအိုက မဲ့ပြုံးပြုံးလိုက်သည်....

'ပြောပါဦး၊ ကျုပ်က ဘယ်သူလဲ....



'ဦးက တစ်ချိန်က အမှတ် ၅ ဌာနထဲ ခိုးဝင်ခဲ့တဲ့ လူထူးဆန်း စောရမေပါ....

ကျော်မင်း၏ စကားအဆုံး၌ အဘိုးအိုက ကျယ်လောင်စွာ ဟားတိုက်၍ ရယ်လိုက်သည်၊

o o o

အမေးအယူ

---

ကျောင်မင်ဆာ အဘိုးအိုကိုမျက်တောင်မခတ်ကြည့်နေသည်၊ အဘိုးအိုဟာ မိုးကြိုးကျမ်းကို ခိုးယူအညီလူ ဖြစ်နေသည်မဟုတ်ပါလား—

လူထူးဆန်းစောရက—

'ငါ့နာမည် ကျီချင်လို့ခေါ်တယ်၊ မင်းဟာ ငါနဲ့ ဆုံတွေ့ရယ်လို့ မထင်ဘူး မဟုတ်လား—

ကျောင်မင်ဆာ—



'ဟုတ်ပါတယ်၊ ဦးဟာ နှစ် ၃၀ လုံးသတင်းအစအနမရှတဲ ပျောက်နေတာမို့ ဦးဆေဆုံးခဲ့ပြီလို့တောင်ထင်နေကြသူတွေ ရှိပါတယ်'

အဘိုးအို (ဝါ) ကျီချင်ဟာ ဟားတိုက်၍ရယ်လိုက်သည်၊

'ငါဟာ ပေါ်လာချင်ရင်လဲ ခုချက်ချင်း ပေါ်လာလို့ရတယ်၊ ပျောက်သွားချင်ရင်လဲ နှစ်ပေါင်းများစွာ ရှာလို့မတွေ့အောင် ပုန်းနေလို့ရတာပဲ'

ကျောင်မင်ဆာ..

'ဦးဟာ မိုးကြိုးကျမ်းကို ခိုးယူတာတော့ မကောင်းပါဘူးဗျာ'

ဟု ပြောလိုက်သည်—

ကျီချင်က

'သိပ်မှန်တာပေါ့၊ မကောင်းဘူးဆိုတာ သိလို့လဲ ငါဟာ မင်းနဲ့ ဒီလောက်စကားအကြာကြီးပြောနေတာပေါ့'

ကျော်မင်းက

'ဦးမှာ အကြောင်းတစ်ခုခုရှိနေတယ်ဟုတ်လား'

ကျော်ချင်က—

'မှန်လိုက်လေကွာ'

'ကျွန်တော့်ကို ပြောပြပါလား'

'စိတ်ချမင်း…နားထောင်ချင်ပါမလား လို့တောင် ငါက စိတ်ပူနေတာ၊ ခရေကျွန်းကခေါ်သွားတွေဟာ သိုင်းလော အကို လာပြီး စိန်ခေါ်တိုင်း သိုင်းလောကတစ်ခုလုံးရှုတ်ရှုတ် သဲသဲ ဖြစ်ရတယ်—

'နောက်ဆုံးမိုးကြိုးဂိုဏ်းကပဲ ဆုံးမနိုမ်နှင်းလိုက်ရတယ်၊ ဒါ တစ်ကြိမ်မဟုတ်ဘူး နှစ်ကြိမ်တိုင်တိုင်ပဲ'

သူ ပြုံးသည်။

'ဒါနဲ့ပဲ ဦးက မိုးကြိုးဓားသိုင်းကိုစိတ်ဝင်စားတယ် ပေါ့ ဟုတ်လား'



'ဟုတ်တယ်လေ၊ ဒီသိုင်းဟာ အထွတ်အထိပ်ပညာ တစ်ခု ဆိုတာ ထင်ရှားနေပြီပေါ့၊ ကျုပ်ဟာ ဘယ်လိုပညာမျိုးကိုမှ သိပ်အထင်ကြီးခဲ့တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီဓားသိုင်းကိုတော့ ပေါ့ပေါ့တန်တန်သဘောမထားခဲ့ဘူး၊ ဒါ့ကြောင့် ခိုးယူပြီးလေ့လာကြည့်ဖို့ ကြိုးစားခဲ့တာပဲ'

သူက—

'ဦးရဲ့ လုပ်ရပ်ဟာ မိုးကြိုးဂိုဏ်းကိုရော၊ သိုင်းလောက တစ်ခုလုံးကိုပါ ချောက်ထဲ တွန်းချသလို ဖြစ်နေပါပြီ၊ ဦး ကြောင့် ဒီဂိုဏ်းသားတွေဟာ ဘယ်သူမှ ဒီဓားသိုင်းကို သင် ကြားခွင့်မရှိတော့ပါဘူး၊ ဒီဓားသိုင်းအစစ်ဟာ ပျောက်ဆုံး သွားပြီဆိုတော့ နောက်နောင် ဘယ်တော့မှ ဆင့်ယူခွင့်ရနိုင် မှာလဲမဟုတ်ပါဘူး'

ကျော်ချင်က

'ဟုတ်တယ်၊ ကျုပ်ကြောင့် သိုင်းလောကရဲ့ အဖိုးတန် ပညာရပ်တစ်ခု ပျောက်ကွယ်သွားသလို ဖြစ်ရပြီး ကျုပ် အတော့်ကို ဝမ်းနည်းမိပါတယ်'

သူက

'ဒါပေမယ့် နေ့ခက်ကျသွားပါပြီဗျာ'

ကျော်ချင် ခေါင်းခါလိုက်သည်။

'ဘာမှ နေ့ခက်မကျဘူး'

'ဗျာ'

'နေ့ခက်ကျစရာအကြောင်းမရှိဘူး၊ နေ့ခက်ကျတယ်၊မကျဘူးဆိုတာ မင်းအပေါ်မှူတည်နေတယ်'

'ကျွန်တော်အပေါ်မှူတည်နေတယ် ဟုတ်လား'

'ဟုတ်တယ်'

သူ အကြောင်းအမ်းအမ်းဖြစ်သွား၏။

ကျော်ချင်ကို နားမလည်နိုင်စွာကြည့်သည်။

ကျော်ချင်က

'မိုးကြိုးစေသောသိုင်းဟာ ပျောက်ကွယ်မသွားပါဘူး၊ကျုပ်ခိုးယူပြီး လေ့ကျင့်ခဲ့တာပဲလေ'



သူက

'ဦးကို ကျွန်တော်တစ်ခုပြောပါရစေ'

'ပြောပါ'

'ဦးဟာ ဇီမဒ္ဒးသိုင်းကို ယူခဲ့တဲ့အတွက် အပြစ်ရှိနေပါပြီ၊ ကျွန်တော်ဟာ ဒီဂိုဏ်းသားတစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် ဦးကို ဖမ်းခေါ်ရပါလိမ့်မယ်'

'ဟော'

ကျော်ချင် အကြောင်းအမ်းအမ်းဖြစ်လေသည်။

သူက

'ဦးလိုက်ခဲ့ရပါလိမ့်မယ်၊ ဂိုဏ်းချုပ်ရှေ့မှာ ဦးအပြစ်ခံယူရလိမ့်မယ်'

ကျော်ချင်က

'ငါက မလိုက်ဘူးဆိုရင်ရော'

'ဒါဆိုရင်တော့ ဦးကို အဓမ္မခေါ်ရပါလိမ့်မယ်'

ကျိုချင် မဲ့မြုံးပြုံးသည်။

'နေပါဦး၊ မင်းက ငါ့ရဲ့ အင်္ကျီစကိုတောင် ထိအောင် တိုက်နိုင်လို့လား'

သူ အံကြိတ်ကာသည်။

'ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ကြိုးစားရမှာပါပဲ'

ကျိုချင်က

'ခက်ပါလား၊ မင်း ငါနဲ့လက်တွဲမလားမှတ်တယ် ငါ့ကိုတောင် ဒုက္ခပေးချင်နေတာကိုး၊ ငါ အချိန်မရွေးထွက်ပြေးတိမ်းရှောင်သွားလို့ရတယ်...

'ဒါမှမဟုတ်ရင် မင်းကိုလက်စဖျောက်ပစ်လိုက်လို့ရတယ်၊ ကျုပ်အကြောင်း မပေါ်ပေါက်ရအောင် လှုပ်ကိုင်စရာ နည်းလမ်းတွေ အများကြီးရှိတယ်၊ ကျုပ်တအယ်တမ်း တိုက်ခိုက်မယ်ဆိုရင် မင်း သိုင်းကွက်သုံးကွက်တောင် ခံနိုင်ပါ့မလား'

ကျောင်မင် မျက်နှာပျက်သွားပြီး ဘာမှမပြောဘဲ နေ၏၊

ကျိုချင်က



'ကျောင်မင် မင်းငယ်ပါသေးတယ်၊ ရှုပ်ထွေးပွေလီတဲ့ သိုင်းလောကအကြောင်းကို မင်း ဘာမှမသိသေးပါဘူး၊ အခုကြည့်စမ်း၊ ခရေကျွန်းက စိန်ခေါ်တဲ့စာရောက်လာပြီ ခရေကျွန်းက အတော်ဆုံးဓားသမားရောက်မလာခင် သိုင်းလောကထဲမှာ အတော်ဆုံးဓားသမားရွေးရတော့မယ်၊ ဒီလိုရွေးချယ်ပွဲတွေကို သိုင်းမဟာမိတ်မဖွဲ့နဲ့ မိုးကြိုးဂိုဏ်းချုပ်တို့ ကြီးမှူးကျင်းပကြမှာဖြစ်တယ်'

ကျောင်မင် ငြိမ်နေလိုက်၏၊

ကျိုချင်က ဆက်ပြော၏၊

'ခရေကျွန်းက ဓားသမားရောက်မလာခင် သိုင်းလောကထဲက မိုးကြိုးဓားသိုင်း ကတ်မြောက်ထားသူကပဲ ရင်ဆိုင်နိုင်လိမ့်မယ်လို့ ဗိုလ်ရင့်သိုင်းသမားတွေဖြစ်တဲ့ လူကြီးပိုင်းက ယုံကြည်ထားကြတယ်၊ ဒါပေမယ့် လူငယ်တွေနဲ့ တခြားဓားသိုင်းပညာရှင်တွေကတော့ လက်မခံနိုင်ကြဘူး၊ အချို့ကလွဲ သူတို့ရဲ့ပညာဟာ မိုးကြိုးဓားသိုင်းထက်တောင် ပိုပြီး တတ်တယ်လို့ ယုံကြည်ထားတာပေါ့လေ'

ကျောင်မင်းက

'ဒါပြင့် ခရေကျွန်းအလာမယ့် မှန်းသိမ်းမှုကို သိုင်းဒေ့ါ ၏ ကာ ရင်ဆိုင်ချင်တဲ့ဓားသမားတွေ အများကြီး ဖြစ်နေကြ အသပေါ့ ဟုတ်လား'

ကျီချင် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'ဒါဆိုရင်'

'ပွဲကြီးပွဲကောင်းပေါ့ကွာ၊ လူကြီးတွေက ဦးဆောင်ပြီး သိုင်းပြိုင်ပွဲကျင်းပပေးမယ့် အတော်ဆုံးဓားသမား ရွေးချယ် မယ်၊ ပြီးရင် ခရေကျွန်းကဓားသမားနဲ့ ရင်ဆိုင်ဖို့ တာဝန် ပေးလိမ့်မယ်'

ကျောင်မင်းက

'ဒီလိုလုပ်တာ အကောင်းဆုံးပါပဲ၊ ဒါမှ တကယ့်အရည် အချင်းရှိတဲ့လူ ပေါ်လာပြီး ပြိုင်ဘက်ကို ရင်ဆိုင်နိုင်မှာဟုတ် လား'



ကျီချင် ခေါင်းခါလိုက်၏။

'အဲဒီလိုလုပ်တာနဲ့ အ◌ျားကြီးမှားသွားလိမ့်မယ်'

ကျောင်မင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘာဖြစ်လို့ မှားရမှာလဲဗျာ'

ကျီချင်က

'ခရေကျွန်းက ဓားပညာကို ယှဉ်နိုင်တဲ့ပညာဟာ မိုးကြိုး ဓားသိုင်းတစ်ခုပဲ ရှိလို့ပေါ့'

ထိုစကားကြားလျှင် ကျောင်မင်း ကျေနပ်သွား၏။

မိုးကြိုးဓားသိုင်း၏ အစွမ်းထက်ပုံကို ကျီချင်ကဲ့သို့ လူထူး ဆန်းတစ်ယောက်ကပင် လက်ခံနေသည်မဟုတ်ပါလား။

ကျီချင်က

'လူကြီးတွေကြီးမှူးပြီး ပြိုင်ပွဲတွေ ဘယ်လိုလုပ်လုပ် ဘယ် လောက်တော်တဲ့ ဓားသမားတွေကိုပဲရွေးရွေး နောက်ဆုံး အချိန်မှာ မရှုံလှ အရေးနိမ့်သွားမှာပဲ၊ ဒီအဖြစ်ဆိုးက ကယ် တင်နိုင်အောင် မင်း ကြိုးစားရလိမ့်မယ်'

ကျောင်မင်က

'ကျွန်တော် ဆယ်လိုကြိုးစားရမှာလဲ'

ဟု မေးလိုက်သည်။

ကျိုချင်က

'ငါ့ဆီက မိုးကြိုးဓားသိုင်းကို သင်ယူပြီး ရန်သူရင်ကို ... မဲပေါ့'

ကျောင်မင် ပါးစပ်ပိတ်ထားလိုက်သည်။

၀ ၀ ၉



ကျောင်မင်သည် ကျိုချင်အားကြည့်နေ၏။

ကျိုချင်သည် စောရတစ်ယောက်ဖြစ်သော်လည်း လူတော် လူကောင်းတစ်ယောက် ဖြစ်ဟန်မှာ ထင်ရှားနေ၏။

အကြောင်းမှာ

ကိုယ်ရေးကိုယ်တာထက် သိုင်းလောကအကျိုး အများ ကျိုးကို ဦးစားပေးရန် ဝန်မလေးကြောင်း ထင်ရှားနေ ... ည်မဟုတ်ပါလား။

ကျိုချင်က

'မင်းက မိုးကြိုးဓားသိုင်းကို သင်ကြားရမယ်'

ကျောင်မင်က

'ဦးက ကျွန်တော့်ကို အတိတစ်ခုပေးမယ်ဆိုရင် ကျွန် ... င်ပါမယ်'

'ဘာကတိပေးရမှာလဲ'

'ဦးဟာ မိုးကြိုးဂိုဏ်းချုပ်ရှေ့ကိုသွားပြီး အပြစ်ကို ခန် ... ရမယ်'

ကျိုချင်က

'စိတ်ချ၊ တစ်နေ့ကျရင် ငါ့အပြစ်တွေကို သွားပြီးဝန်ခံမယ် ပေးတဲ့အပြစ်ကိုယူမယ်၊ ကဲ...ခင်းကျေနပ်ပြီလား'

ကျောင်မင် ကျေနပ်သွားဟန်ဖြင့်
'ဟုတ်ကဲ့၊ ကျေနပ်ပါပြီခင်ဗျာ'
ကျို ချင်အ

'မင်းအရေ သိုင်းပညာသင်မယ်မဟုတ်လား'

'ဟုတ်ကဲ့၊ သင်ပါမယ်ဗျာ'

'ဟား...ဟား...ဟား'

ကျို ချင်အ ရယ်မောလေသည်။

ကျောင်မင်လည်း ရယ်မောလေသည်။

ကျို ချင်နှင့်ကျောင်မင်တို့ ဆုံတွေ့မိပြီး မိုးကြိုးခဲ့သိုင်း သင်ယူရန် စိုင်းပြင်းနေသည်ကို မည်သူမျှ သိနိုင်ကြမည်မဟုတ်ပါ။

သိုင်းလောကတွင် ခရကျွန်းမှထွက်လာမည့် ခါးသမားနှင့် ပတ်သက်ပြီး လှုပ်လှုပ်ရွှားရွှားဖြစ်လာခဲ့သည်။

Z Z Z

## ခါးသမား ရွေးချယ်ပွဲ

---

သိုင်းလောကတွင် လှုပ်လှုပ်ရွှားရွှား ဖြစ်နေသည်။

ခရကျွန်းမှ ခါးသမား ထွက်မလာမီ သိုင်းလောကမှ အတော်ဆုံး ခါးသမားကို ရွေးရလိမ့်မည် ဖြစ်၏။

ထို့ကြောင့်

သိုင်းမဟာမိတ် အဖွဲ့နှင့် မိုးကြိုးဂိုဏ်းမှ ကြီးမှူး၍ ခါးသိုင်းပြိုင်ပွဲ ကျင်းပပေးရန် စီစဉ်လိုက်၏။

သိုင်းလောက ဂိုဏ်းပေါင်းစုံ အဖွဲ့သည် သိုင်းလောက၏ ကိစ္စအဝဝကို ဖြေရှင်းရန် ဖွဲ့ထားခြင်း ဖြစ်၏။

ထိုအဖွဲ့တွင် ကိုဏ်းပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်၍ တာဝန်ထမ်းဆောင်ကြရပြီး အများသဘောတူ တင်မြှောက်ထားသည့် ခေါင်းဆောင် ၅ ဦးက တာဝန်ယူ ဆုပ်ချုပ်ရ၏။

ယခု—

သိုင်းလောကအား အရေးအခင်း ပေါ်လာသောအခါ ကိုဏ်းပေါင်းစုံ အဖွဲ့ကြီးက ခရေကျွန်းမှ ဓားသမားကို ယှဉ်နိုင်ရန် ဓားသမား တစ်ဦး ရွေးချယ်ဖို့ ဓားပြိုင်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

Z X Z



သိုင်းပြိုင်ပွဲ—

သိုင်းပြိုင်ပွဲသည် အလွန်စည်ကား၍ သိုက်မြိုက်လှ၏။

ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် အရေအတွက် များလွန်း၍ဖြစ်ရာ စင်မြင့်ပေါင်း ၂၀ ခန့် ခွဲကာ ပြိုင်စေခဲ့ရ၏။

ပြိုင်ပွဲကို တစ်လတိုင်တိုင် ကျင်းပပြီးနောက် ပြိုင်ပွဲတလျှော တစ်လျှောက်လုံး လူကြိုက်များ၍ ရေပန်းစားနေသည်မှာ မိုးကြိုးဂိုဏ်းမှ ကျောက်ချွန်၊ ငွေအန်ဂိုဏ်းမှ ဗမ်ကျို၊ ငွေထိဂိုဏ်းမှ ဝမ်ချင်နှင့် ငိုမိဂိုဏ်းမှ ပွကျူတို့ ဖြစ်သည်။

သူတို့သည် အခြားသော ပြိုင်ဖက်တို့ကို အနိုင်ယူခဲ့ကြ၏၊

နောက်ဆုံး ၄ ဦးသာ ကျန်ရာ နှစ်ဦးချင်းပြိုင်ကြရ၏။

ဤတွင်—

မိုးကြိုးဂိုဏ်းမှ ကျောက်ချွန်နှင့် ငွေထိမှ ဝမ်ချင်တို့က အနိုင်ရခဲ့သည်။

ကျောက်ချွန်နှင့် ဝမ်ချင်တို့သည် နောက်ဆုံးပြိုင်ပွဲအဖြစ် ပြိုင်ကြရမည် ဖြစ်၏။

အနိုင်ရသူသည် အတော်ဆုံး ဓားသမားအဖြစ် အရွေးခံရမည် ဖြစ်၏။

ထိုအရွေးခံရသူသည် သိုင်းလောကတွင် အလွန် မျက်နှာပွင့် လန်းလိမ့်မည် ဖြစ်သည်။

ထို့ဖြင့် ဓားပညာနှင့် ပတ်သက်ပြီး အံ့မခန်း အစွမ်းပြ၍ နောက်ဆုံး ပြိုင်ပွဲသည် နှစ်ရက်နှင့်နှစ်ည ကြာမြင့်ခဲ့ပြီးမှ မိုးကြိုးဂိုဏ်းမှ ကျောက်ချွန် အနိုင်ရခဲ့၏။

သူသည် သိုင်းလောက၏ အတော်ဆုံး ဓားသမားအဖြစ် အရွေးခံရ၏။

၀ ၀ ၀

ကျယ်ဝန်းသော ခန်းမဆောင်အတွင်း၌ မီးရောင်တို့ ထိန်လင်းနေသည်။

အဘိုးအို ၅ ဦးသည် ဘဲဥပုံ စားပွဲ၌ ဝိုင်းဖွဲ့ထိုင်နေ၏။

သူတို့၏ မျက်နှာများက တည်ကြည် လေးနက်နေသည်။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာနှင့် အရက်များအလျှံပယ်ရှိနေသော်လည်း မည်သူကမျှ လက်ဖျားနှင့်ပင် မတို့ချေ။

အားလုံးသည် အနီရောင် ဝတ်ထားသည့် အဘိုးအိုအား စိုက်ကြည့်နေကြ၏။



ထိုအဘိုးအို ၅ ဦးမှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂိုဏ်းချုပ်ကြီးများ ဖြစ်ကြ၏။

ရွှေခင်သင်၊ ငွေတန်၊ ဝူထီ၊ ငိုမိနှင့် မိုးကြိုးဂိုဏ်းများမှ ဖြစ်ကြသည်။

သူတို့ ယခုကဲ့သို့ စုရုံး ရောက်ရှိနေကြသည်မှာ အဘယ် ကြောင့်ပါနည်း။

သိုင်းလောကအရေး ဆွေးနွေး တိုင်ပင်နေကြခြင်းဖြစ်၏။

အနီရောင်ဝတ် အဘိုးအိုက ချောင်းတစ်ချက် ဟန့်ပြီး...

'သိုင်းလောကမှာ ဂိုဏ်းပေါင်းစုံ အဖွဲ့ကြီးကို ထူထောင်ပြီးတဲ့ နောက်ပိုင်းမှာ အစစအရာရာ အေးချမ်းသာယာခဲ့ပါတယ်၊ ပြဿနာ တစ်စုံတစ်ရာ ပေါ်လာရင်လဲ အချင်းချင်း ညှိနှိုင်းတိုင်ပင်ပြီး ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့တာ အားလုံးအသိပါပဲ....

'ကျုပ်တို့ဟာ သိုင်းလောက အေးချမ်း သာယာအောင် ဆောင်ရွက်ခဲ့ကြပေမယ့် ခရေကျွန်းကိုတော့ ဘယ်လိုမှ စည်းရုံးသိမ်းသွင်းလို့ မရခဲ့ဘူး၊ ခရေကျွန်းဟာ သိုင်းလောကကို လွှမ်းမိုးဖို့ အမြဲကြံစည် ကြိုးစားနေခဲ့တယ်၊ သူတို့ဟာ သိုင်းလောကကို နှစ်ကြိမ်တိတိ စိန်ခေါ်ခဲ့ပြီးပြီ'

ဝှုတန့်ဂိုဏ်းချုပ်က—

'ခင်ရေကျွန်းက နှစ်ကြိမ်စလုံး အရေးနိမ့်သွားခဲ့ကြတာပဲ မဟုတ်လား'

မိုးကြိုးဂိုဏ်းချုပ်(၀၇)အနီရောင်ဝတ် အဘိုးအိုက...

'အခု တတိယအကြိမ် စိန်ခေါ်နေပြန်ပြီ၊ ဒီတစ်ကြိမ်မှာ သူတို့က အစတော့ကို သေချာလို့ စိန်ခေါ်တာပဲ ဖြစ်မယ်'

ငိုမိဂိုဏ်းချုပ်က....

'ကိစ္စမရှိပါဘူးလေ၊ သူတို့ရောက်လာတိုင်း မိုးကြိုးက ဆုံးမနိုင်ခဲ့တာပဲ မဟုတ်လား၊ ခုချိန်မှာလဲ သူတို့နဲ့ ပြိုင်ရမဲ့ လူဟာ မိုးကြိုးဂိုဏ်းကလူ ဖြစ်နေပြန်ပါပြီ၊ ဘယ်လောက် တိုက်ဆိုင်သလဲ၊ ဘယ်လောက်များ အံ့ဩစရာကောင်းသလဲ၊ ဒါဟာ ခရေကျွန်းက လူတွေကို ဆုံးမနိုင်လိမ့်မယ်ဆိုတဲ့နိမိတ် ပဲ မဟုတ်လား'

အားလုံး ခေါင်းညိတ် ထောက်ခံလိုက်ကြသည်။

မိုးကြိုးဂိုဏ်းချုပ်က....

'မိတ်ဆွေတို့ရဲ့ စကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမယ့်...'



သူသည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ဘာမှမပြောဘဲ ရပ်ထားၓ၏။

သူတို့ဂိုဏ်း၏ အထွတ်အထိပ်ဖြစ်သည့် မိုးကြိုးဓားကျမ်း ပျောက်သွားပြီး ထိုသိုင်းကို သူကိုယ်တိုင်ပင် လင်ယူခဲ့ရခြင်း မရှိသလို အခြား အဖွဲ့သားတို့လည်း သင်ယူခြင်းမရှိကြောင်း ပြောမထွက်ပါချေ။

ယခု....

ခရေကျွန်းမှ ဓားသမားနှင့် ပြိုင်ရမည်။

ကျော်စက်ချန်သည်လည်း ထိုသိုင်းကို တတ်ထားခြင်း မရှိ။

ထို့ကြောင့်—

ယခုတစ်ကြိမ် ယှဉ်ပြိုင်ရခြင်းတွင် သိုင်းလောကထဲ ဘက်မှ အရေးနိမ့်မှုနိုင်ကြောင်း နားလည်ထားသည်။

မိုးကြိုး ဂိုဏ်းချုပ်သည် သက်ပြင်းချပြီး စကားလမ်းကြောင်း ပြောင်းလိုက်၏။

'ခရေဓားသမားဆီက စောင်းဆိုချက်တစ်ခု ရောက်လာတာကို ပြောပြပါရစေဗျာ'

အားလုံး စိတ်ဝင်စားသွားကြသည်။

ငိုမိဂုဏ်ကျော်ချုပ်က....

'ဘယ်လိုလဲဗျ၊ သူတို့ တောင်းဆိုမှုတွေ များလှချည်လား၊ ယှဉ်ပြိုင်မယ်လို့ စိန်ခေါ်တာလည်း သူတို့ပဲ၊ နေ့ရက် သတ်မှတ်တာလည်း သူတို့ပဲ၊ အခု အာမများ တောင်းဆိုလာပြန်ပြီ အည်း ပြောပါဦး'

မိုးကြိုးဂုဏ်ကျော်ချုပ်က

'တခြား မမှတ်ပါဘူး၊ ပြိုင်မယ့်နေရာကို သူတို့ဘက်က ရွေးချယ်လိုက်တာပါ'

ငိုမိဂုဏ်ကျော်ချုပ်က....

'ဒါဆိုရင် လွန်လွန်းနေပြီ၊ သူတို့ တောင်းဆိုသမျှ လိုက်လျောနေရမှာလား'

သူ့ညက်ပြင်းချသည်။

'ခရေကျွန်းဟာ ပင်လယ်ပြင် သေးငယ်တဲ့ ကျွန်းလေး တစ်ခုပဲ ဖြစ်ပါတယ်၊ တစ်ချိန်က မင်းပြစ် ပင်းဒဏ် သင့်တဲ့ အမတ်ကြီး တစ်ယောက်ကို နယ်နှင်ဒဏ်ပေးလိုက်ပြီး အဲ့သည် အမတ်ဟာ အဲဒီမှာ သူ့ရဲ့ ငယ်သား အခြွေအရံတွေ ဆွေမျိုးတော်တွေနဲ့ နေထိုင်ခဲ့ပါတယ်၊ အဲ့ဒီအချိန်ကစပြီး ခရေကျွန်းဆိုတာ ဖြစ်ပေါ်ခဲ့တာပါ၊ သူ့ နောင်လာနောက်သားတွေ



တာ သူ့ဆီမှာပါတဲ့ ရွှေးစာပေ ပုရပိုဒ်တွေအတစ်ဆင့် ဒေး ပညာရပ်တွေကိုပါ ရရှိကြပြီး သူတို့ဟာ သိုင်းလောကကို စိန်ခေါ်လာခဲ့တယ်၊ သိုင်းလောကကို ခြေကုတ်ယူနိုင်မယ်ဆိုရင် ပြည်ပကို သိမ်းပိုက်နိုင်မယ်လို့လည်း မျှော်လင့်မိကြပါတယ်၊ တစပဲဖြစ်ဖြစ် သူတို့ဟာ လူနည်းစုလေးပါ၊ ကျုပ်တို့ သိုင်းလောကကို လာရောက် ယှဉ်ပြိုင်ကြတယ် ဆိုတော့ သူတို့ကို အခွင့်အရေး ပေးသင့်တာပေါ့'

သူ၏ စကားကို ကျန်လူတို့က ထောက်ခံ လိုက်ကြသည်။

ရွှောင်လှင်ဂုဏ်ကျော်ချုပ်က....

'သူတို့က ဘယ်နေရာမှာ ပြိုင်ချင်ကြတာလဲ'

မိုးကြိုးဂုဏ်ကျော်ချုပ်က....

'သူတို့ ရွေးချယ်လိုက်တဲ့ နေရာကတော့ ပင်လယ်ကမ်းခြေနဲ့ နီးတဲ့ လင်းယုန်ကျေးရွာပါပဲ'

ထိုစကားကြားလျှင်....

'ဟင်'

'ဟာ'

အားလုံး တအံ့တသြ ဖြစ်ကုန်ကြသည်။

အကြောင်းမှာ...

'လင်းယုန်ကျွေးရှာ ဆိုရင် ဘယ်နည်းနဲ့မှ မဖြစ်ဘူး'

အားလုံးက ကန့်ကွက်လာကြလေသည်။

—o—

(ပထမပိုင်း—ပြီး၏)

တက္ကသိုလ်သီဟအောင်

# တက္ကသိုလ် သီဟအောင်

# ဓားပြိုင်ပွဲ

( ဒုတိယ ဇာတ်သိမ်းပိုင်း )